# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်




## နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

## ၂၀၂၂ ခုနှစ်

စုံစမ်းစစ်ဆေးခြင်း

တားဆီး ကာကွယ်ခြင်း

အသိပညာပေးခြင်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | နိဒါန်း | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်း | ၂ |
| ၃ | ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားခဲ့သည့် အမှာစကား | ၉ |
| ၄ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးသန်းဆွေ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကောင်အထည် ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြချက် | ၁၄ |
| | **အခန်း (၁)** | |
| | **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း** | |
| ၅ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခြင်း | ၂၅ |
| ၆ | လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း | ၂၇ |
| ၇ | အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်(၂၀၂၂-၂၀၂၅)<br>❖ မဟာဗျူဟာ ရည်မှန်းချက်များ<br>❖ မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်မှု | ၂၈<br>၂၈<br>၂၉ |
| ၈ | ၂၀၂၂ ခုနှစ် လုပ်ငန်းအစီအစဉ် | ၃၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၂)** | |
| | **အသိပညာပေးခြင်း** | |
| ၉ | ပြည်ထောင်စုဝန်ကြီးဌာနများ၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်များနှင့် အရပ်ဖက် အဖွဲ့အစည်းများတွင် ဆွေးနွေးဟောပြောခြင်း | ၄၂ |
| ၁၀ | ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ်များ | ၄၇ |
| | ❖ ပညာရေးဝန်ကြီးဌာန၏ သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း | ၄၇ |
| | ❖ တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များ ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်ခြင်း | ၄၇ |
| | ❖ ကျောင်းသားလူငယ်ပညာပေးရေးလုပ်ငန်း အစီအမံဖော်ဆောင်ရေး အဖွဲ့ ဖွဲ့စည်းခြင်း | ၄၇ |
| | ❖ ဖြောင့်မတ် တည်ကြည်မှု မြှင့်တင်ရေး ပညာပေး အစီအစဉ် Edu-tainment များ အခြေခံပညာကျောင်းများတွင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | ၄၈ |
| ၁၁ | နိုင်ငံပိုင်သတင်းစာများ၊ လူမှုကွန်ရက်စာမျက်နှာ၊ Website နှင့် ရုပ်မြင်သံကြားတို့တွင် အသိပညာပေး ဖော်ပြမှုများ | ၅၂ |
| | ❖ နိုင်ငံပိုင်သတင်းစာများတွင် ဆောင်းပါးများ ရေးသားဖော်ပြခြင်း | ၅၂ |
| | ❖ လူမှုကွန်ရက်မှတစ်ဆင့် အသိပညာပေးခြင်း | ၅၄ |
| | ❖ နိုင်ငံပိုင် ရုပ်မြင်သံကြားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်ရာ ရုပ်ပြသရုပ်ဖော် တေးသီချင်းနှင့် ဇာတ်လမ်းတိုများ ထုတ်လွှင့်ခြင်း | ၅၄ |
| | ❖ သတင်းထုတ်ပြန်ခြင်း | ၅၆ |
| ၁၂ | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း | ၅၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃ | အသိပညာပေးပြခန်းနှင့် အသိပညာပေးစာစောင်များ ဖြန့်ဝေမှု | ၅၈ |
| | ❖ အသိပညာပေးပြခန်း | ၅၈ |
| | ❖ ဥပဒေနှင့် လက်ကမ်းစာစောင်များ ပြုစုထုတ်ဝေဖြန့်ချိခြင်း | ၅၈ |
| | **အခန်း(၃)** | |
| | **တားဆီးကာကွယ်ခြင်း** | |
| ၁၄ | ဥပဒေမူဘောင်ခိုင်မာရေး | ၆၁ |
| ၁၅ | အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေ | ၆၂ |
| ၁၆ | အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း | ၆၃ |
| ၁၇ | အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များအတွက် နည်းပညာဆိုင်ရာ သင်တန်းများ ကျင်းပခြင်း | ၆၄ |
| ၁၈ | အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ | ၆၆ |
| ၁၉ | အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme-PFP) ဆောင်ရွက်မှုအခြေအနေ | ၇၅ |
| | **အခန်း(၄)** | |
| | **စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူဆောင်ရွက်ခြင်း** | |
| ၂၀ | တိုင်ကြားစာ လက်ခံရရှိမှု | ၈၆ |
| ၂၁ | တိုင်ကြားစာများအပေါ် စီမံဆောင်ရွက်မှု | ၈၈ |
| ၂၂ | တိုင်ကြားစာများ လွှဲပြောင်းပေးပို့မှု | ၈၉ |
| ၂၃ | စုံစမ်းစစ်ဆေး တရားစွဲတင်ပို့မှုနှင့် လွှဲပြောင်းပေးပို့မှု | ၉၁ |
| ၂၄ | တိုင်ကြားသူများနှင့် လက်ခံတွေ့ဆုံဆွေးနွေးမှု | ၉၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| **အခန်း(၅)** | | |
| **ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း** | | |
| ၂၅ | အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း | ၉၆ |
| ၂၆ | ပြည်တွင်း၊ ပြည်ပအစည်းအဝေးများ တက်ရောက်ခြင်း | ၉၈ |
| ၂၇ | ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်း<br>❖ ဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများ ခန့်ထားခြင်း | ၁၀၂<br>၁၀၂ |
| ၂၈ | ဌာနစွမ်းဆောင်ရည် မြှင့်တင်ခြင်း | ၁၀၃ |
| ၂၉ | ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ခြင်း<br>❖ ပြည်တွင်းသင်တန်းများ တက်ရောက်ခြင်း<br>❖ ဌာနတွင်းသင်တန်းများ ဖွင့်လှစ်ခြင်း<br>❖ ပြည်ပသင်တန်းများ တက်ရောက်ခြင်း | ၁၀၄<br>၁၀၄<br>၁၀၄<br>၁၀၇ |
| ၃၀ | ဘဏ္ဍာရန်ပုံငွေ ခွဲဝေရရှိခြင်းနှင့် သုံးစွဲခြင်း | ၁၀၇ |
| **အခန်း(၆)** | | |
| **၂၀၂၂ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ် ချမှတ်ခြင်း** | | |
| ၃၁ | ၂၀၂၂ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်း | ၁၁၀ |
| ၃၂ | အဂတိလိုက်စားမှုဆိုင်ရာ ညွှန်းကိန်းများ အခြေအနေ | ၁၁၀ |
| ၃၃ | ၂၀၂၃ ခုနှစ် လုပ်ငန်းအစီအစဉ် | ၁၁၂ |
| ၃၄ | နိဂုံး | ၁၁၈ |

# နိဒါန်း

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀-၁၂-၂၀၁၂ ရက်တွင် အတည်ပြုဝင်ရောက်ခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ ရက်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ တတိယအကြိမ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၀ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်း တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အဂတိလိုက်စားမှု ပြဿနာသည် နိုင်ငံတိုင်း ကြုံတွေ့နေရသည့် ပဋိပက္ခများစွာ၏ အခြေခံအကြောင်းတရားများ ဖြစ်သောကြောင့် ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် အကြီးစားအဂတိလိုက်စားမှု (Grand Corruption) များကို တည်ဆဲဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အသေးစား အဂတိလိုက်စားမှု (Petty Corruption) များကိုလည်း နိုင်ငံ့ဝန်ထမ်း ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်စေရန်အတွက် နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားအတွင်း၌ ပါဝင်သူများသာမက နိုင်ငံသူ/နိုင်ငံသားများအားလုံးကပါ ဥပဒေ၊ စည်းကမ်း၊ ကျင့်ဝတ်၊ ဓလေ့ထုံးတမ်း၊ စရိုက်လက္ခဏာကောင်းများကို လိုက်နာထိန်းသိမ်းကြရန်မှာလည်း အလွန်အရေးကြီးပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နိုင်ငံတော်အစိုးရက မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိရာ ကော်မရှင်အနေဖြင့် ပေါ်လစီမူဘောင်၊ ဥပဒေမူဘောင်ခိုင်မာရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို ၂၀၁၈ ခုနှစ်မှစ၍ ကာလတို လေးနှစ်တစ်ကြိမ် ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် မဟာဗျူဟာစီမံချက်နှင့်အညီ အသိပညာပေးခြင်း၊တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းများအပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကိုပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရေးနှင့် ဥပဒေပြင်ဆင်ချက်များနှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနည်းဥပဒေများ အသစ်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်(၂၀၂၂-၂၀၂၅) နှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၃ ခုနှစ် လုပ်ငန်းအစီအစဉ်ကို ရေးဆွဲခဲ့ပါသည်။

*****




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

### (၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းရဲ့ ၁၉ နှစ်ပြည့် အခါသမယမှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ဆက်အပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို ၂၀၀၅ ခုနှစ်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံ ၁၆၅ နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့ပါသည်။ ကွန်ဗင်းရှင်းက ချမှတ်ထားတဲ့အချက်များ၊ လိုက်နာကျင့်သုံးရမယ့် ကျင့်ဝတ်များကို သဘောတူလက်မှတ် ရေးထိုးထားပြီး အဖွဲ့ဝင်နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပြီး ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများက အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာတစ်ဝန်းမှာ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိရာ မိမိတို့ မြန်မာနိုင်ငံကလည်း ၂၀၁၇ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ရဲ့ တာဝန်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ တာဝန်ယူထမ်းဆောင်နေစဉ် ကာလအတွင်းမှာ ချမှတ်ထားတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနဲ့အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စု တည်ဆောက်ရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလို ဆောင်ရွက်ရာမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံက ထိခိုက်စေနိုင်တဲ့ အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရေးဟာ အလွန်အရေးကြီးပါတယ်။ အဂတိလိုက်စားမှုဟာ အကျင့်ပျက်ခြစားမှုများနဲ့ လူတွေရဲ့ စိတ်ဓာတ်နဲ့စာရိတ္တတွေ ပျက်စီးစေပြီး နိုင်ငံအတွက် အန္တရာယ်ဖြစ်လို့ နိုင်ငံတော်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှာ ပြဋ္ဌာန်းထားပြီး ထိရောက်တဲ့ ဟန့်တားဆောင်ရွက်မှုများနဲ့ အရေးယူဆောင်ရွက်ခြင်းများကို လုပ်ဆောင်လျက်ရှိပါတယ်။ ပြောင်းလဲလာတဲ့ ခေတ်နဲ့အညီ ပုံစံအမျိုးမျိုးနဲ့ ပေါ်ပေါက်လာတဲ့ အဂတိလိုက်စားမှုတွေကို တားဆီးကာကွယ်အရေးယူနိုင်ဖို့အတွက် ဒီဥပဒေကို စတုတ္ထအကြိမ်အထိ ပြင်ဆင်ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါတယ်။

**သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းလာစေရေး၊** အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးမှာ ဂုဏ်သိက္ခာနဲ့ တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရေး၊ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံသားများရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးတို့အတွက် မိမိတို့အနေနဲ့ ဘက်ပေါင်းစုံက အလေးထားဆောင်ရွက်လျက်ရှိကြောင်း အသိပေးပြောကြားလိုပါတယ်။

အဂတိလိုက်စားမှုကို အဓိပ္ပာယ်ဖွင့်ဆိုကြရာမှာ လာဘ်ပေးလာဘ်ယူခြင်းထက် များစွာ ပိုမိုကျယ်ဝန်းပါတယ်။ ခြိမ်းခြောက် ငွေညစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာနဲ့ ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ကိုယ်ပိုင်အဖြစ်သုံးစွဲခြင်း၊ မလျော်သြဇာ သုံး၍ မဲဆွယ်ခြင်း၊ မိမိ မိသားစုနဲ့ ဆွေမျိုးကောင်းစားရေးဝါဒအသုံးပြုခြင်း၊ မိမိနဲ့ နီးစပ်အဆင်ပြေသူ ကောင်းစားရေးဝါဒရှိခြင်းတို့ဟာ အဂတိလိုက်စားမှုမြောက်တဲ့ အပြုအမူများ ဖြစ်ပါတယ်။

အဂတိလိုက်စားမှုကို ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၂၃ နဲ့ ပြဋ္ဌာန်းထားတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေမှာ "အဂတိလိုက်စားမှု၏ အဓိပ္ပာယ်" ကို **"မည်သူမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လာဘ်ပေးလာဘ်ယူမှုပြုခြင်း"** လို့ ဖွင့်ဆိုထားပြီး၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၀ ဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ၌ မည်သူမဆို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်းဖြစ်ကြောင်း ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းထားပါတယ်။ ဥပဒေမှာ"မည်သူမဆို"ဟု ဖွင့်ဆိုထားသည့်အတွက် လာဘ်ယူသူနှင့်အတူ လာဘ်ပေးသူပါ ဥပဒေအရ အဂတိလိုက်စားမှုကျူးလွန်ကြောင်း မှတ်ယူရမှာ ဖြစ်ပါတယ်။

ကုလသမဂ္ဂက အဂတိလိုက်စားမှု အမျိုးအစားများကို ဖော်ပြရာမှာ "**လာဘ်ပေးလာဘ်ယူပြုခြင်း၊ အလွဲသုံးစားပြုခြင်းနှင့် လိမ်လည်ခြင်း၊ ခြောက်လှန့်တောင်းယူခြင်း၊ ချင့်ချိန်နိုင်ခွင့်ကို အလွဲသုံးခြင်း၊ ဘက်လိုက်ခြင်း၊ ဆွေမျိုးကောင်းစားရေးလုပ်ခြင်းနှင့် အပေါင်းအဖော်ကောင်းစားရေး ဆောင်ရွက်ခြင်း၊ အကျိုးစီးပွားဆန့်ကျင်မှုကို အခွင့်ကောင်းယူခြင်း၊ မလျော်ကန်သည့် နိုင်ငံရေးထည့်ဝင် လှူဒါန်းငွေများ ရယူလက်ခံခြင်း**" စတဲ့ အကြောင်းအရာများကို ဖော်ပြထားတာ တွေ့ရပါတယ်။

အဂတိလိုက်စားမှုများ မဖြစ်ပွားစေဖို့အတွက် လာဘ်ပေးလာဘ်ယူမှုများကို ရှောင်ရှား ရမှာဖြစ်ပါတယ်။ လာဘ်ပေးလာဘ်ယူမှုဖြစ်ပွားစေတဲ့ ဩဇာသက်ရောက်မှုကို ရှောင်းချခြင်း၊ မလျော်ကန်တဲ့ လက်ဆောင်များ ကမ်းလှမ်းခြင်း သို့မဟုတ် လက်ခံရယူခြင်း၊ အခွန်အခများ သို့မဟုတ် အခြားစရိတ်များအတွက် ပေးရန်တာဝန်ကို ရှောင်လွှဲဖို့ လာဘ်ပေး လာဘ်ယူမှု ပြုခြင်း၊ လိမ်လည်ရန် လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ ပြစ်မှုအတွက် ထိုက်သင့်တဲ့ ပြစ်ဒဏ် မကျခံရစေရန် လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ တရားမျှတမှု မရှိသော ပြိုင်ဆိုင်မှုကို အထောက်အကူပြုရန် လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ ပုဂ္ဂလိကအကျိုး မျှော်လင့်ချက် အတွက် လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ အတွင်းရေး သို့မဟုတ် လျှို့ဝှက်သတင်းအချက် အလက်များကို ရရှိရန် လာဘ်ပေးလာဘ်ယူမှုပြုခြင်း စတဲ့အကြောင်းအရာများကို အထူး သတိထား ရှောင်ကြဉ်ဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး လုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ပြီး နိုင်ငံတော်ရဲ့ ငွေကြေး၊ ပစ္စည်းနဲ့ ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာစေခဲ့လျှင် အဂတိလိုက်စားမှုမြောက်မှာ ဖြစ်တဲ့အတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ သတိထား လိုက်နာလုပ်ဆောင်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနဲ့ စပ်လျဉ်းပြီး မရှင်းလင်းတဲ့ အချက်များ၊ ဒွိဟဖြစ်ဖွယ်ရာ အကြောင်းအရာများ တွေ့ရှိပါက သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများထံက သဘောထားမှတ်ချက် တောင်းခံပြီး ပေးပို့လာတဲ့ သဘောထားမှတ်ချက်များနဲ့အတူ အထက်အဖွဲ့အစည်းသို့ လမ်းညွှန်မှုခံယူ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

အဂတိလိုက်စားမှု အကျင့်စရိုက်ဟာ လူမှုအဖွဲ့အစည်း အသီးသီးမှာ ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်စေတတ်တဲ့ ကူးစက်ပျံ့နှံ့လွယ်တဲ့ ကပ်ရောဂါသဖွယ် ဖြစ်ပါတယ်။ တချို့သော ကိစ္စရပ်တွေမှာ အဂတိလိုက်စားမှုဟာ ဓလေ့ ထုံးစံတစ်ရပ်လို ဖြစ်နေပြီး သူများမိုးခါးရေသောက်လို့ ကိုယ်လည်းလိုက်သောက်ရတဲ့ သဘောမျိုး လုပ်ရိုးလုပ်စဉ်တစ်ခုလို့ ပေါ့ပေါ့ဆဆ ထင်မြင်ယူဆပြီး လွယ်လွယ်ကူကူ ဖောက်ဖျက်ကျူးလွန်နေကြတာကို သတိထား ရှောင်ရှားသင့်ကြပါတယ်။

အဂတိလိုက်စားမှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရာမှာ စုံစမ်းစစ်ဆေး အရေးယူမှုတစ်ခုတည်းနဲ့ ဆောင်ရွက်မယ်ဆိုရင် လုံလောက်မှု မရှိနိုင်ပါဘူး။ အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနဲ့ အကျင့်ပျက်ခြစားမှုများ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်တဲ့ အသိပညာပေးရေးနဲ့ တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တွေကိုပါ အချိန်နဲ့တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးရဲ့ အနှစ်သာရကတော့ အများပြည်သူရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးဖို့နဲ့ အဂတိကင်းစင်တဲ့ လူ့အဖွဲ့အစည်း ဖြစ်စေဖို့ ဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းများနဲ့ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံတော်အစိုးရနဲ့ ပြည်သူများအကြား ပေါင်းကူးတံတားများသဖွယ် ဆက်သွယ်ဆက်ဆံပြီး ယုံကြည်မှု တည်ဆောက်ပေးရသူများ ဖြစ်ပါတယ်။ ကောင်းမွန်တဲ့အုပ်ချုပ်ရေးကို ပုံဖော်ရာမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များသည် အရေးပါသလို ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများရဲ့ စည်းကမ်းလိုက်နာမှု၊ ဖြောင့်မတ်တည်ကြည်မှုနဲ့ ကျင့်ဝတ်စောင့်ထိန်းမှုတွေကနေ လမ်းချော်လွဲမှားသွားစေတဲ့ အဓိကအချက်ကတော့ အဂတိလိုက်စားမှုပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေနဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များနဲ့အညီ လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် ပြည်သူများရဲ့ ယုံကြည်မှုကို ရရှိပြီး ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ ဖြောင့်မတ်တည်ကြည်မှု ရှိစေရေးနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့မှာ ပူးပေါင်းပါဝင်လာစေရေးအတွက် ထုတ်ပြန်ထားတဲ့ ကျင့်ဝတ်များကို လိုက်နာကြစေရေးနဲ့ ကျင့်ဝတ်ဆိုင်ရာ သင်တန်းများဟာလည်း အရေးပါကြောင်း အသိပေး ပြောကြားလိုပါတယ်။

“**အဂတိလိုက်စားမှု များလေလေ ဆင်းရဲနွမ်းပါးမှု များလေ၊ ဆင်းရဲနွမ်းပါးမှုများလေလေ အဂတိလိုက်စားမှု များလေ**” ဖြစ်တဲ့အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်(၂၀၂၂-၂၀၂၅)ကို ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်

လျက်ရှိပါတယ်။ အဲဒီအဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်မှာ တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနဲ့ စုံစမ်းစစ်ဆေး အရေးယူခြင်းဆိုတဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်သုံးရပ်ကို ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ဆောင်ကြစေရန် ရေးဆွဲထားပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်နဲ့အညီ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများရဲ့ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးကို ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU)များ တိုးချဲ့ဖွဲ့စည်းထားပြီးဖြစ်တဲ့အတွက် သက်ဆိုင်ရာ အောက်ခြေအဆင့်များကစပြီး ထိန်းသိမ်းဆောင်ရွက်ကြဖို့ လိုပါတယ်။ ဒါ့အပြင် အသေးစား အဂတိလိုက်စားမှုများကို ထိရောက်စွာ ဟန့်တားနိုင်ရန်အတွက် “**အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်း အစီအစဉ် (Public Feedback Programme - PFP)**” ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။အဓိက ကတော့ ကိုယ်တိုင်က အဂတိလိုက်စားမှုကို သတိထားရှောင်ရှားပြီး ပတ်ဝန်းကျင်ရဲ့ ပြောဆိုဝေဖန်မှုများကို ဂရုစိုက် သတိထား လုပ်ဆောင်သွားခြင်းဖြင့် အဂတိလိုက်စားမှု လျော့နည်းရာမှ လုံးဝကင်းစင် ပပျောက်တဲ့ လူ့ပတ်ဝန်းကျင်ကို ဖော်ဆောင်ကြဖို့ ဖြစ်ပါတယ်။

ဒါ့အပြင် အခြေခံပညာ ကျောင်းတွေမှာ အဂတိကင်းစင်တဲ့ ယဉ်ကျေးမှု၊ အဂတိကင်းစင်တဲ့ လူ့အဖွဲ့အစည်းရဲ့ အခြေခံမူ သဘောတရားများ ပြန့်ပွားစေရေးအတွက် “**ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး အသိပညာပေးအစီအစဉ် (Edu-tainment)**” များကို ထည့်သွင်းလုပ်ဆောင်နေပြီ ဖြစ်ပါတယ်။ အဲဒီလို တစ်ဆင့်ချင်း အသိပညာပေးဆောင်ရွက်မှုနဲ့ အနာဂတ်မှာ ဖြောင့်မတ်သော၊ ကိုယ်ကျင့်တရားပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာဖို့ ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် ဒီအစီအစဉ်အောင်မြင်ရေး အလေးထားဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။

အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာနစ်နာဆုံးရှုံးခြင်း၊ အများပြည်သူ အကျိုးစီးပွားအတွက် ဘဏ္ဍာငွေ ခွဲဝေချထားရာမှာ ထိရောက်မှန်ကန်မှု မရှိခြင်း၊ သဘာဝ သယံဇာတများ လေလွင့်ဆုံးရှုံးခြင်း၊ မြေယာစီမံခန့်ခွဲမှုပြုရာမှာ အကျိုးရှိထိရောက်စွာ အသုံးမပြုနိုင်ခြင်းစတဲ့ နိုင်ငံတော်ရဲ့ ပစ္စည်း၊ငွေကြေး၊တန်ဖိုး ဆုံးရှုံးနစ်နာမှုများကို ဖြစ်စေတဲ့ အတွက် စိစစ်ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက် ရှိပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ “**အဂတိ ပယ်ရှား ပြည်သာယာ**” ဆိုတဲ့ ဆောင်ပုဒ်အတိုင်း အဂတိလိုက်စားမှု ကျူးလွန်ခြင်းများကို လျော့နည်းပပျောက်စေရေး အတွက် မူဝါဒနဲ့ ဥပဒေမူဘောင် ခိုင်မာရေး လုပ်ထုံးလုပ်နည်းများ ရှင်းလင်းခိုင်မာရေး တို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အဂတိလိုက်စားမှုများဟာ အသွင်အမျိုးမျိုးဆောင်ပြီး ဖြစ်ပေါ်နေတာ ဖြစ်တဲ့အတွက် ဥပဒေကြောင်းအရသာမက ကောင်းမွန်သော ကိုယ်ကျင့်တရား ထွန်းကားရေး နည်းလမ်းများအရပါ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများ သာမက အများပြည်သူများနဲ့လည်း သက်ဆိုင်တဲ့ အကြောင်းအရာဖြစ်တဲ့အတွက် အားလုံး ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။




# ပြည်ထောင်စုတရားသူကြီးချုပ်

# ဦးထွန်းထွန်းဦး

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့

## အထိမ်းအမှတ်အခမ်းအနားတွင်

## ပြောကြားသည့် အမှာစကား

### (၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

ယနေ့ကျင်းပပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အဖွင့်မိန့်ခွန်း ပြောကြားပေးသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းသုခနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို တစ်ကမ္ဘာလုံး အတိုင်းအတာအနေနဲ့ ဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်အချုပ်အခြာအာဏာ ခက်မသုံးဖြာရဲ့ ခက်မတစ်ခုဖြစ်တဲ့ တရားစီရင်ရေးမဏ္ဍိုင်တွင်လည်း အဂတိတရားများ ကင်းစင်ပြီး ဖြောင့်မတ်မှန်ကန်သည့် တရားစီရင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အပိုဒ် ၁၁ တွင်လည်း တရားစီရင်ရေး၏ လွတ်လပ်ခွင့်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ၎င်း၏ အရေးပါမှုကို ဂရုပြုပြီး၊ တရားစီရင်ရေး လွတ်လပ်ခွင့်ကို မထိခိုက်စေဘဲ အဂတိလိုက်စားရန် အခွင့်အလမ်းများကို တားဆီးရန်နှင့် သမာဓိရှိမှုကို မြှင့်တင်ရန်အတွက် စီမံဆောင်ရွက်ချက်များ ပြုလုပ်ရမည်ဟု ဖော်ပြထားပါတယ်။

ဒါ့ပြင် ကုလသမဂ္ဂက ချမှတ်ထားတဲ့ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ (SDGs) ရဲ့ ပန်းတိုင်-၁၆ မှာလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးရဲ့ အရေးပါမှုကို ဖော်ပြထားပါတယ်။

တရားစီရင်ရေးမဏ္ဍိုင်တွင် အဂတိလိုက်စားမှုသည် တရားဥပဒေ ရှေ့မှောက်မှာ တန်းတူညီမျှရေး၏ အခြေခံမှုကို ချိုးဖောက်ပြီး တရားမျှတသော တရားစီရင်ပိုင်ခွင့်ကို ဆုံးရှုံးစေပါတယ်။ တရားမျှတမှု၏ သမာသမတ်ကျမှုကိုလည်း ပျက်စီးစေပါတယ်။ ဒါ့ပြင် တရားစီရင်ရေးအပေါ် ပြည်သူတို့၏ ယုံကြည်မှုကိုလည်း ဆိုးရွားစွာ ထိခိုက်စေပါတယ်။ ဒါကြောင့် တရားစီရင်ရေးတွင် ဥပဒေနဲ့ညီညွတ်မျှတ မှန်ကန်ပြီး အဂတိတရား ကင်းရှင်းစွာ ဆောင်ရွက်ပါမှ ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို အပြည့်အဝ ရရှိမှာဖြစ်ပါတယ်။

တရားစီရင်ရေးနယ်ပယ်မှာ အဂတိလိုက်စားမှုတွေ ကင်းရှင်းမှ ဂုဏ်သိက္ခာရှိတဲ့၊ ဖြောင့်မတ်မှန်ကန်တဲ့ တရားစီရင်ရေးစနစ် ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ တရားစီရင်ရေး ဖြောင့်မတ်မှန်ကန်မှ တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုနိုင်မှာဖြစ်သလို တရားဥပဒေစိုးမိုးမှုရှိမှလည်း ပြည်သူများ ဥပဒေဘောင်အတွင်း လုံခြုံအေးချမ်းစွာ နေထိုင်အသက်မွေးဝမ်းကျောင်းပြုနိုင်မှာ ဖြစ်ပါတယ်။

တရားစီရင်ရေးဆိုင်ရာ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် လွတ်လပ်မှု၊ သာတူညီမျှရှိမှု၊ စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှု၊ သမာသမတ်ကျမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ ဂုဏ်သိက္ခာရှိမှု အစရှိတဲ့ တရားစီရင်ရေးကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာကြရမှာဖြစ်ပြီး၊ တရားစီရင်ရေး၏ တာဝန်ခံနိုင်မှုကို မြှင့်တင်နိုင်ရန်အတွက် တရားစီရင်ရေး အဖွဲ့အစည်း၏ တာဝန်ခံမှု၊ တရားသူကြီးတစ်ဦးချင်းစီ၏ တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါ့ပြင် တရားစီရင်ရေးအပေါ် အများပြည်သူ၏ စိတ်ချယုံကြည်မှုကို ထိခိုက်စေသည့် အဂတိလိုက်စားမှုများကိုလည်း ရှောင်ရှားကြရမှာဖြစ်ပါတယ်။ ဒါမှသာ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်၍ တာဝန်ခံနိုင်သော တရားစီရင်ရေးသည် ဥပဒေနှင့်အညီ မျှတစွာ ဆုံးဖြတ်ခြင်း၊ ဘက်လိုက်မှုကင်းခြင်းဖြင့် အများပြည်သူရဲ့ ယုံကြည်လေးစားမှုကို ရရှိမှာဖြစ်ပါတယ်။

တရားစီရင်ရေးနယ်ပယ်မှာ အဂတိတရားများ ကင်းရှင်းစွာဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထု၏ လိုအပ်ချက်များ ပိုမိုပြည့်စုံကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) ကို ဖွဲ့စည်း၍ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေး တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနဲ့ အဂတိလိုက်စားမှု ပေါ်ပေါက်ပါကလည်း နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ခြင်း၊ ဒါ့ပြင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (PFP) တွင် ပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့်လည်း တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းကို ရေးဆွဲ၍ လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်ဟူသည့် ရည်မှန်းချက်များထားရှိပြီး၊ အဲဒီရည်မှန်းချက်များအောင်မြင်စေရေးအတွက် တရားရုံးဝန်ဆောင်မှုများ အများပြည်သူ လက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်

ပေးရန်၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှုစွမ်းရည် မြှင့်တင်ရန်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်၊ ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် အစရှိတဲ့ မဟာဗျူဟာ လုပ်ငန်းနယ်ပယ်များ သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တရားစီရင်ရေးကဏ္ဍအနေဖြင့် အများပြည်သူအတွက် တရားမျှတမှု လက်လှမ်းမီရေးကို စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း မြင်သာစေမှာဖြစ်ပါတယ်။

ဒါ့ပြင် တရားစီရင်ရေး လုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှု ရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို အများသိရှိလာစေရန်စတဲ့ ရည်ရွယ်ချက်များဖြင့် တရားရုံး နှစ်စဉ်အစီရင်ခံစာများကို နှစ်စဉ်ထုတ်ပြန်ဆောင်ရွက်ခြင်းဖြင့် ပွင့်လင်းမြင်သာစွာ တရားစီရင်ရေးဆိုင်ရာ တာဝန်ခံမှု၊ တာဝန်ယူမှုကို ဖော်ပြနေခြင်းပင် ဖြစ်ပါတယ်။ တရားရုံးဝန်ဆောင်မှုများ၊ လက်လှမ်းမီနိုင်မှုများ၊ ပွင့်လင်းမြင်သာမှုများ၊ တာဝန်ခံနိုင်မှုများ တိုးတက်လာခြင်းဖြင့် အများပြည်သူတို့က တရားစီရင်ရေးကဏ္ဍအပေါ် ယုံကြည်ကိုးစားလာမှု တိုးတက်မြင့်မားလာစေမှာ ဖြစ်ပါတယ်။

ပြည်သူက ယုံကြည်ကိုးစားနိုင်လောက်သည့် အကျင့်သီလ၊ သိက္ခာ၊ သမာဓိရှိသော တရားသူကြီးများ၊ ကျင့်ဝတ်ကို စောင့်ထိန်း၍ အရည်အသွေး ထက်မြက်ကာ တာဝန်ကျေပွန်သော တရားသူကြီးများဖြစ်အောင် ပြုစုပျိုးထောင် လေ့ကျင့်ပေးခြင်းဖြင့် တရားစီရင်ရေးကို ပြည်သူများက ယုံကြည်အားထားလာရေးနှင့် ဂုဏ်သိက္ခာရှိတဲ့ တရားရုံးများ ဖြစ်လာရေးအတွက် အစီအမံများ ချမှတ်၍လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလို ဆောင်ရွက်ရာမှာ ပြည့်စုံကောင်းမွန်သည့် တရားရုံးများမှာ ကျင့်သုံးရမယ့် အပြည်ပြည်ဆိုင်ရာက လက်ခံသဘောတူထားသည့် တရားရုံး၏ အဓိကစံနှုန်းများဖြစ်တဲ့ သာတူညီမျှမှု၊ မျှတမှု၊ ဘက်မလိုက်မှု၊ လွတ်လပ်စွာ စီရင်ဆုံးဖြတ်မှု၊ အရည်အသွေး ပြည့်ဝမှု၊ ဂုဏ်သိက္ခာရှိမှု၊ ပွင့်လင်းမြင်သာမှု၊ လက်လှမ်းမီနိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ

ဆောင်ရွက်နိုင်မှု၊ သေချာမှု အစရှိတဲ့ စံနှုန်းများကို ကျင့်သုံး၍ တရားရုံး ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှု၊ တရားရုံးစီမံချက်များနှင့် မူဝါဒများ၊ တရားရုံးအရင်းအမြစ်များ၊ တရားရုံး လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များ၊ တရားရုံး အသုံးပြုသူများ၏ လိုအပ်ချက်နှင့် ကျေနပ်မှု၊ အများပြည်သူ လက်လှမ်းမီနိုင်သော တရားရုံးဝန်ဆောင်မှုများ၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုစတဲ့ ဆောင်ရွက်မှု နယ်ပယ် ၇ ရပ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် တရားရုံးများ၏ စွမ်းဆောင်ရည်များ တိုးမြင့်လာပြီး တရားရုံးများကို စီမံခန့်ခွဲရာတွင် အကောင်းဆုံးရလဒ်များ ရရှိစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည့်စုံ ကောင်းမွန်သည့်တရားရုံး စွမ်းဆောင်နိုင်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ မူဘောင်များ၊ တရားရုံး၏ အဓိကစံနှုန်းများ၊ ဆောင်ရွက်မှုနယ်ပယ် ၇ ရပ်၊ တရားရုံးများအား ဆန်းစစ် အကဲဖြတ်မှု အစရှိတဲ့ တရားစီရင်ရေး တိုးတက်စေရန် လိုအပ်တဲ့အချက်များကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည့်စုံကောင်းမွန်သည့် တရားရုံးများ ပေါ်ထွန်း လာနိုင်ရေး သက်ဆိုင်သူများ အားလုံးနဲ့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်အဖြစ် ဆောင်ရွက်နေချိန်မှာ တရားစီရင်ရေးမဏ္ဍိုင်အနေဖြင့်လည်း ဘက်လိုက်မှု ကင်းရှင်းပြီး မှန်ကန်မျှတ၍ တာဝန်ခံမှုရှိတဲ့ တရားစီရင်ရေး၊ အဂတိတရားကင်းစင်သည့် တရားစီရင်ရေး ဖြစ်ထွန်းရေးအတွက် တရားစီရင်ရေးကဏ္ဍမှာ အဓိက တာဝန်ထမ်းဆောင် နေကြတဲ့ တရားသူကြီးများ၊ တရားရေးအရာရှိများနဲ့ တရားစီရင်ရေးနှင့် ဆက်စပ်နေတဲ့ တရားစွဲအဖွဲ့အစည်းများ၊ ရှေ့နေရှေ့ရပ်များ၊ သက်သေများနဲ့ သတင်းမီဒီယာများ၊ ပြည်သူများ အပါအဝင် တရားစီရင်ရေးမှာ ပါဝင်ပတ်သက် ဆက်နွှယ်သူများအားလုံးက ဟန်ချက်ညီညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြဖို့ အလေးအနက် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ် ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။




# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

# ဥက္ကဋ္ဌ ဦးသန်းဆွေ

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့

## အထိမ်းအမှတ်အခမ်းအနားတွင်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍

## အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြချက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

ယနေ့ ကျင်းပပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကြွရောက်အဖွင့်အမှာစကား ပြောကြားပေးပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်ချီးမြှင့်ပေးကြပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရဲ့ ဆောင်ရွက်ချက်များနဲ့ ရှေ့ဆက်လက် ဆောင်ရွက်မဲ့ လုပ်ငန်းစဉ်များကို အကျဉ်းချုံး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

အဂတိလိုက်စားမှု ပြဿနာဟာ ကမ္ဘာ့နိုင်ငံများအားလုံး ကြုံတွေ့နေရတဲ့ ပြဿနာဖြစ်တာကြောင့် အတူပူးပေါင်း တိုက်ဖျက်နိုင်ဖို့အတွက် ၂၀၀၃ ခုနှစ်၊ (၅၈)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး သဘောတူညီချက် (United Nations Convention Against Corruption – UNCAC) ကို ချမှတ်ခဲ့ပါတယ်။ အဲ့ဒီ သဘောတူညီချက်ကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်နေ့က စတင်ပြီး အဖွဲ့ဝင်နိုင်ငံများက ပါဝင်လက်မှတ် ရေးထိုးခဲ့ကြရာမှာ မြန်မာနိုင်ငံအနေနဲ့ ၂၀၀၅ ခုနှစ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ UNCAC ရဲ့ ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ UNCAC ရဲ့ အဖွဲ့ဝင် ဖြစ်လာပြီးတဲ့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကြိုးပမ်းမှုများကို နိုင်ငံတကာ အတွေ့အကြုံစံနှုန်းများနှင့်အညီ တိုးမြှင့်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပုဒ်မ (၇၃)ခုပါ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့နဲ့ ကော်မရှင်ရုံးကိုလည်း ၂၀၁၄ ခုနှစ်မှာ နိုင်ငံတကာ စံနှုန်းများနဲ့အညီ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

ကော်မရှင်ဟာ ၂၀၁၄ ခုနှစ်က စတင်ပြီး မဟာဗျူဟာ ရည်မှန်းချက် (၄)ရပ် ချမှတ်ဆောင်ရွက်နေပါတယ်။ ချမှတ်ထားတဲ့ မဟာဗျူဟာ ရည်မှန်းချက်တွေကတော့ -

(၁) သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊

(၂) အစိုးရ လုပ်ငန်းဌာနများမှာ အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နေသော နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးမှုများကို လျော့ကျစေရန်၊

(၃) အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်း စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာ ပျံ့နှံ့နေသော အဂတိလိုက်စားမှုများ (Systemic Corruption) လျော့ကျ ပျောက်ကွယ်စေရန်၊

(၄) ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သော အဂတိလိုက်စားမှုအပေါ် ထိန်းချုပ်နိုင်မှု ညွှန်းကိန်း (Control of Corruption Index) အဆင့်တိုးတက်လာစေရန် တို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အနေနဲ့ မဟာဗျူဟာ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လုပ်ငန်းများ ပိုမိုထိရောက် လွှမ်းခြုံဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၉ ခုနှစ်ကစတင်ပြီး ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းများနဲ့ ဝန်ကြီးဌာနများမှာ CPU လို့ခေါ်တဲ့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ (Corruption Prevention Unit) များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် မှာ CPU (၁၄) ခုနဲ့ စတင်ခဲ့ရာမှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှာတော့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနဲ့ ဝန်ကြီးဌာနအားလုံးမှာ CPU (၃၈)ခု ဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ထပ်မံပြီး ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်းမှာ တိုင်းဒေသကြီးနှင့်ပြည်နယ် (၁၄)ခုရှိ အစိုးရ အဖွဲ့ရုံးများမှာပါ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့တာမို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ကော်မရှင်အနေနဲ့ ချမှတ်ထားတဲ့ မဟာဗျူဟာရည်မှန်းချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရာမှာ အဓိက လုပ်ငန်းစဉ်(၃)ရပ်ကို ဟန်ချက်ညီ ဆောင်ရွက်လျက် ရှိပါတယ်။ အဲ့ဒီလုပ်ငန်းစဉ်တွေကတော့ -

(၁) အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ခြင်း၊

(၂) စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူခြင်းနှင့်

(၃) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းတို့ ဖြစ်ပါတယ်။

ဒီလုပ်ငန်းစဉ်များအနက် အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ခြင်း လုပ်ငန်းစဉ်ဟာ အထူးအရေးကြီးတဲ့ လုပ်ငန်းစဉ် ဖြစ်ပါတယ်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုထိရောက်ကောင်းမွန်သည်ဆိုတဲ့ ဆိုစကားအတိုင်း၊ မဖြစ်ခင်က ကြိုတင်တားဆီးနိုင်ရန် အသိပညာပေးခြင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များသတ်မှတ်လိုက်နာစေခြင်းတို့ဖြင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေကို လျော့ချနိုင်မှာ ဖြစ်ပါတယ်။

အသိပညာပေး တားဆီးကာကွယ်ရေး လုပ်ငန်းအစီအစဉ်မှာ ကဏ္ဍအားလုံးကိုလွှမ်းခြုံဆောင်ရွက်မှုအနေနဲ့ နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများကနေပြီးအဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေး အစီအစဉ်များကို ပုံမှန်ထုတ်လွှင့်ရေးသားမှုများ ပြုလုပ်လျက်ရှိတဲ့အပြင် လူမှုကွန်ရက်၊ လူမှုမီဒီယာများမှာလည်း Facebook Account များ ဖွင့်လှစ်ပြီး ဆောင်ရွက်လျက် ရှိပါတယ်။ ရုပ်မြင်သံကြား အသိပညာပေးထုတ်လွှင့်မှုများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များနှင့် ရုံးပိတ်ရက်တိုင်းမှာ ထုတ်လွှင့်ပေးလျက်ရှိပြီး သတင်းစာများမှာတော့ လစဉ်၊ အပတ်စဉ်အလိုက် ပညာပေးသတင်းဆောင်းပါးများ ထည့်သွင်း ဖော်ပြပေးလျက် ရှိပါတယ်။ အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းအစီအစဉ်များကို နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ့ဝန်ထမ်းများနယ်ပယ်မှာ အထူးဦးစားပေး ဆောင်ရွက်လျက် ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနဲ့ဝန်ကြီးဌာနအလိုက် ဖွင့်လှစ်တဲ့ သင်တန်းများမှာ ကော်မရှင်မှ သွားရောက်ဆွေးနွေး ပို့ချပေးလျက်ရှိသလို၊ ဌာနအလိုက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ CPU များကလည်း အသိပညာပေးဟောပြောဆွေးနွေးမှု ၅၆၈၂ ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ ၃၈၁ ကြိမ်၊ သင်တန်းဖွင့်လှစ်ပို့ချမှု ၂၈၃ ကြိမ် ရှိခဲ့ပြီး ပညာပေးလက်ကမ်းစာစောင် ၄၆၈၈၆ စောင်ကိုလည်း ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

ဌာနအလိုက် CPU များဟာ မိမိတို့ ဝန်ထမ်းများကို ပညာပေးဟောပြော ဆွေးနွေးခြင်း၊ သင်တန်းပေးခြင်းအပြင် တိုင်ကြားမှုစနစ်များ ထူထောင်ခြင်း၊ အသေးစား အဂတိလိုက်စားမှုများကို ဌာနဆိုင်ရာ စစ်ဆေးအရေးယူခြင်းနှင့် ကြီးမားသော အဂတိ လိုက်စားမှုများကို ကော်မရှင်သို့ လွှဲပြောင်းပေးခြင်းတို့ ဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့အပြင် PFP လို့ခေါ်တဲ့ အများပြည်သူထံမှ တုန့်ပြန်မှု ရယူခြင်း အစီအစဉ် (Public Feedback Programme) ထူထောင်ခြင်း၊ ဌာနအလိုက် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်ခြင်း အစီအစဉ်များ (Corruption Risk Accessment) CRA Programme ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ဖို့အတွက် နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များကို ကော်မရှင်မှ ရှင်းလင်းဆွေးနွေး သင်တန်းပို့ချခြင်း များ ဆောင်ရွက်ပေးလျက်ရှိရာမှာ CPU အဖွဲ့(၄၀)ကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန်ရှိတဲ့ ပြည်နယ်/ တိုင်းဒေသကြီးမှ CPU (၁၂)ဖွဲ့ကိုလည်း ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအပြီး ဆောင်ရွက်ပေးရန် စီစဉ်ထားရှိပါကြောင်း တင်ပြအပ်ပါတယ်။

PFP အစီအစဉ်ကတော့ ကမ္ဘာ့ဘဏ်ရဲ့ ICT based Proactive Beneficiary Engagement Mechanism ကို အခြေခံပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် လိုက်လျော ညီထွေရှိမည့် အစီအစဉ်အဖြစ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေတာ ဖြစ်ပါ တယ်။ ဒီအစီအစဉ်မှာ ပြည်သူလူထုကို ဝန်ဆောင်မှုပေးတဲ့ အစိုးရဌာနရုံးများမှာ DEO လို့ခေါ်တဲ့ Data Entry Office များ ဖွင့်လှစ်ပြီး ဌာနမှာ ဝန်ဆောင်မှု လာယူတဲ့ ပြည်သူ တစ်ဦးချင်းထံမှ ၎င်းတို့ရဲ့ မိုဘိုင်းဖုန်းနံပါတ်များ ရယူထားပြီး ဌာနရဲ့ ဝန်ဆောင်မှုပေးခြင်း အပေါ် ကျေနပ်မှု ရှိ/မရှိနဲ့ အကြံပြုချက်ရှိက (SMS) အသုံးပြုပြီး ပြန်ကြားရန်မေးမြန်းခြင်း ဖြစ်ပါတယ်။ (SMS) ပို့ရာမှာ Short Code “1111”ကို အခမဲ့ အသုံးပြုစေတဲ့ စနစ်လည်း ဖြစ်ပါတယ်။

PFP စနစ်ဟာ တိုင်ကြားမှုစနစ် မဟုတ်ဘဲ ဌာနမှ ဝန်ဆောင်မှု ရယူသူ ပြည်သူများရဲ့ တုံ့ပြန်မှုကို ရယူပြီး ပြုပြင်ဆောင်ရွက်သင့်သည်များကို သုံးသပ်သိမြင်နိုင်ရန် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ယခုအချိန်အထိ ဝန်ကြီးဌာန ၃၃ ခုမှာ DEO ၁၁၀၀ ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး DEO များ တိုးချဲ့ ဖွင့်လှစ်နိုင်သည်နှင့်အမျှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် ပိုမို အကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

CPU ရဲ့ လုပ်ငန်းတာဝန် တစ်ရပ်ဖြစ်တဲ့ ဌာနအလိုက် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်ခြင်း Corruption Risk Accessment (CRA) လုပ်ငန်းစဉ်မှာလည်း ယခုအချိန်အထိ ဝန်ကြီးဌာန ၁၂ ခုမှာ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ CRA လုပ်ငန်းစဉ် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ကြခြင်းဖြင့် အဂတိလိုက်စားမှုများ ပိုမို တားဆီးနိုင်မှာ ဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။

အဂတိလိုက်စားမှု တားဆီးကာကွယ်နိုင်ဖို့အတွက် လူ့သမိုင်းစဉ်တစ်လျှောက်မှာ ကျင့်ဝတ်၊ ဓလေ့ထုံးတမ်းများ သတ်မှတ်ထိန်းသိမ်း ဆောင်ရွက်ခဲ့ကြပါတယ်။ ဓလေ့ထုံးတမ်း အစဉ်အလာ၊ ကျင့်ဝတ်များ ထိန်းသိမ်းစေရာမှာ ကျောင်းသားလူငယ် လူရွယ်ဘဝမှ စတင်သွန်သင် လေ့ကျင့်ပေးခြင်းဟာအထိရောက်ဆုံး ဖြစ်တဲ့အတွက် ကော်မရှင်အနေနဲ့ အလေးထားဆောင်ရွက်နေပါတယ်။

ကော်မရှင်အနေနဲ့ ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကို တည်ဆောက်နိုင်ရေး ကြိုးပမ်းမှုအနေနဲ့ ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အခြေခံပညာကျောင်းများနဲ့ တက္ကသိုလ်များရဲ့ ကျောင်းသင်ခန်းစာ သင်ရိုးညွှန်းတမ်းများမှာ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဘာသာရပ်များကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှ စတင်ထည့်သွင်း ပြဋ္ဌာန်း

ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်သည့် ကျောင်းသုံးဖတ်စာအုပ်၊ ဆရာကိုင်စာအုပ်နှင့် မှီငြမ်းစာအုပ်များကိုလည်း နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြုစုပြီး မြန်မာဘာသာသို့ ပြန်ဆိုကာ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များသို့ ဖြန့်ဝေပေးခဲ့ပါတယ်။ ကျောင်းသားလူငယ်များ ပညာပေးအစီအစဉ် ဆောင်ရွက်ရာမှာ ကျောင်းသင်ခန်းစာအဖြစ် ပို့ချသင်ကြားပေးမှုများအပြင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလမှစတင်ပြီး Edu-tainment Programme ကိုလည်း နေပြည်တော်နှင့် ရုံးခွဲရှိသော မြို့ကြီးများမှာ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအချိန်အထိ ကျောင်း ၄၃ ကျောင်းမှာ ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်ရန်လည်း စီစဉ်ထားရှိပါကြောင်းလည်း တင်ပြအပ်ပါတယ်။

အဂတိလိုက်စားမှု ပြဿနာအကြီးစားများဟာ စီးပွားရေး အဖွဲ့အစည်းများနှင့် ရာထူးအာဏာရှိသူများအကြား မမှန်မကန် ဆောင်ရွက်မှုများကြောင့် အဓိက ဖြစ်ပေါ်လေ့ရှိတဲ့အတွက် ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပူးပေါင်းပြီး အဂတိလိုက်စားမှု ဆန့်ကျင်ခြင်း ပူးတွဲကြေငြာချက်ကို ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး၊ ပုဂ္ဂလိက လုပ်ငန်းများအနေဖြင့် လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များ ရေးဆွဲရာမှာ အခြေခံသင့်သည့်အချက်များကိုလည်း ကော်မရှင်ရဲ့ (၁၄/၂၀၁၈) ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှာ လာဘ်ယူသူရော လာဘ်ပေးသူကိုပါ အရေးယူနိုင်မှသာ လျော့ချနိုင်မှာဖြစ်လို့ ဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းထားသည်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာကြဖို့နဲ့ ပုဂ္ဂလိကလုပ်ငန်းများမှာ ကိုယ်ပိုင်ကျင့်ဝတ်များ (CoC) ရေးဆွဲဆောင်ရွက်ကြဖို့ကိုလည်း တိုက်တွန်းဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကော်မရှင်ရဲ့ အဓိက လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့မှုများကို ဆက်လက်တင်ပြသွားပါမယ်။ ကော်မရှင်အနေနဲ့ အဂတိလိုက်စားမှုအပေါ် တိုင်ကြားမှုများ သာမက ကျော်စောမှုများကိုပါ မှန်ကန်မှု ရှိ/မရှိ လေ့လာသုံးသပ်ရေးကော်မတီ ဖွဲ့စည်းစိစစ် ဆောင်ရွက်လျက်ရှိပြီး၊ တွေ့ရှိချက် အတိမ်အနက်အပေါ် မူတည်လို့ ကော်မရှင်မှ စစ်ဆေးရေး အဖွဲ့များ ဖွဲ့စည်းစစ်ဆေး ဖော်ထုတ်ခြင်း၊ သက်ဆိုင်သည့် ဝန်ကြီးဌာန အဖွဲ့အစည်းများသို့ လွှဲပြောင်းစစ်ဆေး တင်ပြစေခြင်း ဆောင်ရွက်လျက်ရှိပါတယ်။

ကော်မရှင် စတင်ဖွဲ့စည်းတဲ့ ၂၀၁၄ ခုနှစ်မှ ယခုအချိန်အထိ တိုင်ကြားစာပေါင်း ၃၅၂၀၄ စောင် ရရှိခဲ့ပြီး စိစစ်ပြီးတိုင်ကြားစာ ၁၉၈၀၃ စောင်အပေါ် စုံစမ်းစစ်ဆေး ဖော်ထုတ် အရေးယူခဲ့ရာမှာ အသေးစား အဂတိလိုက်စားမှု ကျူးလွန်သူနိုင်ငံ့ဝန်ထမ်း ၂၄၁၅ ဦးကို ဌာနဆိုင်ရာ အရေးယူမှုပြုခဲ့သလို အကြီးစား အဂတိလိုက်စားမှု ကျူးလွန်သူ ၂၉၂ ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ရာဇဝတ်ကြောင်းနဲ့ အရေးယူဆောင်ရွက်ခဲ့ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရ အရေးယူ ဆောင်ရွက်ခဲ့ရတဲ့ ၂၉၂ ဦးမှာ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ ၆၄ ဦး၊ အဆင့်မြင့်အရာရှိကြီး ၂၀ ဦး၊ နိုင်ငံ့ဝန်ထမ်း အရာထမ်း ၇၇ ဦး၊ နိုင်ငံ့ဝန်ထမ်း အမှုထမ်း ၈၂ ဦး၊ ပြည်သူ့ဝန်ထမ်း ၁၈ ဦးနဲ့ ဝန်ထမ်း မဟုတ်သူ ၃၁ ဦးတို့ ပါဝင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

အဂတိလိုက်စားမှုဟာ ကမ္ဘာပေါ်မှာဖြစ်ပေါ်နေသည့် ပဋိပက္ခများစွာရဲ့အရင်းအမြစ် တစ်ခုဖြစ်သလို ကမ္ဘာ့နိုင်ငံများရဲ့ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ တရားဥပဒေ စိုးမိုးရေးတို့ကို အဟန့်အတားဖြစ်စေတဲ့ အရင်းခံပြဿနာ တစ်ရပ်လည်း ဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ သုတေသန စစ်တမ်းများအရ အဂတိ

လိုက်စားမှုကြောင့် နှစ်စဉ်ကမ္ဘာပေါ်မှာ ဆုံးရှုံးမှု Global Lost ဒေါ်လာ ၂.၆ ထရီလီယံကျော် ရှိကြောင်း၊ ဒီပမာဏဟာ ကမ္ဘာ့ GDP ရဲ့ ၅ ရာခိုင်နှုန်းခန့် ရှိကြောင်း၊ ကမ္ဘာ့ဘဏ်ရဲ့ ထုတ်ပြန်ချက်အရ ကမ္ဘာမှာ လာဘ်ပေးလာဘ်ယူမှုဟာ ၁ နှစ်လျှင် အမေရိကန် ဒေါ်လာ ၁ ထရီလီယံကျော် ရှိနေကြောင်း တွေ့ရပါတယ်။ ဒါ့အပြင် နိုင်ငံဖြတ်ကျော်မှုခင်းများမှာလည်း အဂတိလိုက်စားမှု များစွာပါဝင်လာတဲ့အတွက် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းတိုက်ဖျက်ဖို့ ကြိုးပမ်းနေကြတာ ဖြစ်ပါတယ်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ကိုလည်း "UNCAC AT 20 : UNITING THE WORLD AGAINST CORRUPTION လို့ ထုတ်ပြန်ပြီး လာမဲ့နှစ်မှာ အဂတိလိုက်စားမှုများကို ကမ္ဘာကြီးက ညီညွတ်စွာ ပူးပေါင်း တိုက်ဖျက်ကြဖို့ ထုတ်ပြန်နှိုးဆော်ထားပါတယ်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေနဲ့လည်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍကို တိုးမြှင့်ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၁၂ ခုနှစ်မှာ UNCAC အဖွဲ့ဝင် ဖြစ်ပြီးနောက် ၂၀၁၃ ခုနှစ်မှာ အာဆီယံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (ASEAN PARTIES AGAINST- CORRUPTION) ကို ဝင်ရောက်ခဲ့ပြီး နောက်ပိုင်းမှာ အိန္ဒိယနိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအို နိုင်ငံများက အဂတိလိုက်စားမှု တိုက်ဖျက်ရေး အဖွဲ့များနဲ့လည်း နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင် မြို့မှာ ကျင်းပတဲ့ အာဆီယံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ အကြီးအမှူးများ အစည်းအဝေးမှာ မြန်မာနိုင်ငံအနေနဲ့ ASEAN PAC နဲ့ ACU-Cambodia တို့နှင့် နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အလားတူ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်း များနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကော်မရှင်အနေနဲ့ နိုင်ငံတကာမှာ ကျင်းပပြုလုပ်ခဲ့တဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေး ဖ၈ ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ ၄၄ ကြိမ်နှင့် သင်တန်း ၃၄ ကြိမ်တို့ကို ကိုယ်စားလှယ်များ စေလွှတ်တက်ရောက်စေခဲ့ပြီး အတွေ့အကြုံများ အပြန်အလှန် ရယူဖလှယ်ခဲ့ကြသလို ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

အဂတိလိုက်စားမှု ပြဿနာဟာ နိုင်ငံတိုင်း ကြုံတွေ့နေရတဲ့ ပဋိပက္ခများစွာရဲ့ အခြေခံအကြောင်းတရားဖြစ်တာမို့ ကော်မရှင်အနေနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်အဖြစ် ဆောင်ရွက်နေပါတယ်။ မတော်လောဘနဲ့ ကျူးလွန်ကြတဲ့ အကြီးစား အဂတိလိုက်စားမှု Grand Corruption များကို ရာဇဝတ်ကြောင်းနဲ့ ထိထိရောက်ရောက် အရေးယူနိုင်ရေး ဆောင်ရွက်နေသလို အသေးစား အဂတိလိုက်စားမှု Petty Corruption များကိုလည်း နိုင်ငံ့ဝန်ထမ်း ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက် ရှိပါတယ်။ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ် ဖြစ်ရန် အရေးကြီးသလို နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားအတွင်းမှာ ပါဝင်သူများ သာမက နိုင်ငံသူ/ နိုင်ငံသားများအားလုံးကပါ ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေနဲ့ ဓလေ့ထုံးတမ်း၊ စရိုက်လက္ခဏာကောင်းများကို လိုက်နာထိန်းသိမ်းကြရန်လည်း အလွန်အရေးကြီးတာကြောင့် အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေများကို ထိန်းကျောင်းတဲ့နေရာမှာ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားနဲ့အတူ အများပြည်သူ တစ်ဦးချင်း၊ မိသားစုတစ်စုချင်း အခြေခံကျေးရွာ၊ ရပ်ကွက်မှအစ လူမှုအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းထိန်းသိမ်း လိုက်နာကြမှသာ ဆင်းရဲလို့ အဂတိလိုက်စား၊ အဂတိလိုက်စားလို့ ဆင်းရဲရတဲ့ ဆိုးသွမ်းသံသရာနဲ့ ပဋိပက္ခပြီး ပဋိပက္ခကြုံတွေ့နေရတဲ့ ဒုက္ခများမှ လွတ်မြောက်နိုင်မှာဖြစ်လို့ “အဂတိ ပယ်ခွာ ပြည်သာယာ” ဆိုတဲ့ ဆောင်ပုဒ်ကို အကောင်အထည်ဖော်နိုင်စေဖို့အတွက် ပြည်သူအားလုံးက ကျွန်တော်တို့နဲ့အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားရင်း ကျွန်တော့်ရဲ့ တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။

# အခန်း(၁)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တတိယအကြိမ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အား ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း ၁၂ ဦးတို့ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်-

| စဉ် | အမည် | ရာထူး၊ တာဝန် |
|---|---|---|
| ၁ | ဦးသန်းဆွေ<br>သံအမတ်ကြီး (ငြိမ်း)<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဦးကျော်ဝင်းသိန်း<br>ရဲမှူးချုပ် (ငြိမ်း)<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃ | ဒေါ်ခင်ချိုအုန်း<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| ၄ | ဦးအောင်မြင့်လွင်<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>အခွန်အယူခံခုံအဖွဲ့ရုံး | အဖွဲ့ဝင် |
| ၅ | ဦးသန်းစိုး<br>ရဲမှူးကြီး (ငြိမ်း)<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး၊ တာဝန် |
|---|---|---|
| ၆ | ဦးမောင်မောင်တင့်<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၇ | ဒေါ်ကြူကြူဝင်း<br>ပဲခူးတိုင်းဒေသကြီးတရားရေးဦးစီးမှူး (ငြိမ်း)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၈ | ဦးဝင်းတည်<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>သတ္တုတွင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၉ | ဦးကျော်စိုးလင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |
| ၁၀ | ဒေါက်တာထွန်းထွန်းဦး<br>ညွှန်ကြားရေးမှူး (ငြိမ်း)<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၁ | ဦးသန်းထွတ်သိန်း<br>ဗိုလ်ချုပ် (ငြိမ်း)<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၂ | ဦးတင်ဆွေဝင်း<br>ဗိုလ်ချုပ်(ငြိမ်း)<br>ကာကွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

## လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း

၂။ ကော်မရှင်၏လုပ်ငန်းတာဝန်များကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပိုမိုကျစ်လျစ်ခိုင်မာစွာ ဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)အရ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း ၁၂ ဦး ပါဝင်သည့် အောက်ပါလုပ်ငန်းကော်မတီ ၆ ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်-

(က) မူဝါဒရေးရာလုပ်ငန်းကော်မတီ

(ခ) နိုင်ငံတကာရေးရာနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ

(ဂ) ဥပဒေရေးရာ လုပ်ငန်းကော်မတီ

(ဃ) တိုင်ကြားစာ စိစစ်သုံးသပ်ရေးလုပ်ငန်းကော်မတီ

(င) ဝန်ထမ်းရေးရာ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းကော်မတီ

(စ) ပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းကော်မတီ

၃။ အဆိုပါ လုပ်ငန်းကော်မတီ ၆ ခု၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန်အတွက် ကော်မရှင်ရုံးဝန်ထမ်းများ ပါဝင်သည့် အထောက်အကူပြုအဖွဲ့များကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပါသည်။

## မဟာဗျူဟာရည်မှန်းချက်များ

၄။ ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဒုတိယကာလတို လေးနှစ်အဖြစ် သတ်မှတ်ထားပါသည်။ အဆိုပါ ကာလအတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် လက်ရှိ ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသော အဂတိလိုက်စားမှု အခြေအနေများကို လျှော့နည်းကျဆင်း သွားစေရန် အတွက် အောက်ပါအတိုင်း မဟာဗျူဟာရည်မှန်းချက်များ သတ်မှတ်၍ ထိရောက်စွာ တိုက်ဖျက်သွားရမည် ဖြစ်ပါသည် -

(က) သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းစေရန် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ပေးအပ်လာသော လုပ်ငန်းတာဝန်များကို အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားရမည်၊

(ခ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများတွင် အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နေသော ပြည်သူ့ဘဏ္ဍာ ရန်ပုံငွေဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု တာဝန်ယူမှု တာဝန်ခံမှု တို့ဖြင့် လျှော့ချနိုင်ရမည်၊

(ဂ ) အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာ ပျံ့နှံ့နေသော အဂတိလိုက်စားမှု (Systemic Corruption)ကို သိသာ ထင်ရှားစွာ ကျဆင်းသွားစေရန် တိုက်ဖျက်ရမည်၊

(ဃ) ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သော ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာ ညွှန်းကိန်း (Worldwide Governance Indicators – WGI) တွင် အဂတိ လိုက်စားမှု ထိန်းချုပ်နိုင်ခြင်း (Control of Corruption) ညွှန်းကိန်း သိသာထင်ရှားစွာ အဆင့်တိုးတက်လာစေရမည်။

**မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်မှု**

၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅)ကို လုပ်ငန်းကဏ္ဍ ၆ ခုဖြင့် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) **လုပ်ငန်းကဏ္ဍ(၁)။** အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း လုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေမည့် အခြေခံကောင်းများ တည်ဆောက်ခြင်း၊

(ခ) **လုပ်ငန်းကဏ္ဍ(၂)။** ကိုယ်ကျင့်သိက္ခာနှင့် ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊

(ဂ) **လုပ်ငန်းကဏ္ဍ(၃)။** အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဃ) **လုပ်ငန်းကဏ္ဍ(၄)။** နိုင်ငံတော်ပိုင် ဘဏ္ဍာရန်ပုံငွေ ပစ္စည်းများနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ထိရောက်စွာ အကာအကွယ်ပေးခြင်း၊

(င) **လုပ်ငန်းကဏ္ဍ(၅)။** အဂတိကင်းရှင်းသော စီးပွားရေးနယ်ပယ် ဖြစ်ပေါ်စေခြင်း၊

(စ) **လုပ်ငန်းကဏ္ဍ(၆)။** အစိုးရဌာန/အဖွဲ့အစည်းများ၏ အများပြည်သူဝန်ဆောင်မှု လုပ်ငန်းနယ်ပယ်တွင် လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းစေခြင်း။

၆။ **လုပ်ငန်းကဏ္ဍ(၁)။** အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေမည့် အခြေခံကောင်းများ တည်ဆောက်ခြင်းကို အောက်ပါအတိုင်း လုပ်ငန်းစဉ်ငါးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) **လုပ်ငန်းစဉ်(၁)**။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း -

(၁) တည်ဆဲ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြန်လည် သုံးသပ်ခြင်း၊

(၂) ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းထားသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး နည်းဥပဒေကို ပြန်လည်သုံးသပ်ခြင်း၊

(၃) အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာ အကွယ်ပေးရေးဥပဒေ (Whistleblower Protection Law) ပြဋ္ဌာန်း နိုင်ရေး ဆောင်ရွက်ခြင်း။

(ခ) **လုပ်ငန်းစဉ်(၂)**။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီး ကာကွယ်ရေး၊ အသိပညာပေးရေး အစီအစဉ်များ တစ်နိုင်ငံလုံး ပျံ့နှံ့စေရန် တိုးမြှင့်ဆောင်ရွက်ခြင်း -

(၁) ကျောင်းသားလူငယ်ပညာပေးရေး လုပ်ငန်းအစီအမံ ဖော်ဆောင်ရေး အဖွဲ့ ဖွဲ့စည်းတာဝန်ပေးခြင်း၊

(၂) ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးဆိုင်ရာ အသိပညာပေး ဆရာကိုင်စာအုပ်များအတွက် အခြေခံပညာအဆင့် ဆရာ/ ဆရာမ များအား သင်တန်းပေးခြင်း၊

(၃) အရပ်ဖက်အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဟောပြောပွဲများ ကျင်းပခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ စီစဉ် ဆောင်ရွက်ခြင်း၊

(၄) အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆိုင်ရာ လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊

(၅) အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆိုင်ရာ လှုပ်ရှားမှုများ စီစဉ်ကျင်းပခြင်း၊

(၆) အဂတိလိုက်စားမှုကို လုံးဝသည်းခံ ခွင့်လွှတ်ခြင်း မပြုသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်စေခြင်း၊

(၇) ပိုင်ဆိုင်မှုကြေညာခြင်းကိစ္စကို ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ ပိုင်ဆိုင်မှုကို စိစစ်နိုင်ရန် တင်ပြခြင်း၊ ထုတ်ပြန်ကြေညာခြင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခြင်း၊

(၈) အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၇ (ဈ) ပါ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု ကျော်စောသတင်းအပေါ် အရေးယူနိုင်ရန် အစီအမံများ ချမှတ်ခြင်း၊

(၉) တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုးချဲ့ဖွင့်လှစ်ထားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး ရုံးခွဲများ၏ လုပ်ငန်း တာဝန်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) **လုပ်ငန်းစဉ်(၃)။** တိုင်ကြားစာပေးပို့သည့် ယန္တရားကို ပြန်လည် သုံးသပ်ခြင်း-

(၁) အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ တိုင်ကြားစာပေးပို့ခြင်း၊ လက်ခံခြင်းနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းကို ပိုမိုလွယ်ကူ ချောမွေ့စေရန် ပြန်လည်သုံးသပ်ခြင်း၊

(၂) တိုင်ကြားစာများအပေါ် ဆောင်ရွက်နိုင်မှု (တွဲ၊ လွှဲ၊ စစ်)များအား သုံးသပ်ခြင်း၊

(၃) စစ်ဆေးသည့်တိုင်ကြားစာများအပေါ် အရေးယူဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းစဉ်အား သုံးသပ်ခြင်း၊

(ဃ) **လုပ်ငန်းစဉ်(၄)။** တိုင်ကြားသူနှင့် သတင်းပေးသူအား အကာအကွယ် ပေးရန် စီမံဆောင်ရွက်ခြင်း-

(၁) အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာ အကွယ်ပေးရေး (Whistleblower Protection) နှင့်သက်ဆိုင်သော ဥပဒေမူဘောင်ဖွံ့ဖြိုးတိုးတက်ရန် အစီအမံများချမှတ် ဆောင်ရွက်ခြင်း၊

(၂) လက်တွေ့လုပ်ငန်းစဉ်တွင် တိုင်ကြားသူနှင့် သတင်းပေးသူများ၊ သက်သေများအား ဆက်ဆံရေး၊ ကာကွယ်ရေးတို့အတွက် SOP များ ရေးဆွဲဆောင်ရွက်ခြင်း။

(င) **လုပ်ငန်းစဉ်(၅)။** စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းများ ထိရောက်စေခြင်း-

(၁) အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးအတွက် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲခြင်း၊

(၂) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဦးစီး ဌာန၏ မှုခင်းစီမံခန့်ခွဲမှုစနစ် ပိုမိုအားကောင်းစေရန် ဆောင်ရွက်ခြင်း၊

(၃) တရားစီရင်ဆဲ အမှုကိစ္စများအတွက် ထိရောက်မြန်ဆန်စေရန် ဆောင်ရွက်ခြင်း။

၇။ **လုပ်ငန်းကဏ္ဍ(၂)။** ကိုယ်ကျင့်သိက္ခာနှင့် ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်းကို အောက်ပါအတိုင်း လုပ်ငန်းစဉ် နှစ်ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် -

(က) **လုပ်ငန်းစဉ်(၁)။** အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်နှင့် ကော်မရှင်ရုံး ဝန်ထမ်းများ ကိုယ်ကျင့်သိက္ခာ စောင့်ထိန်းနိုင်ရန် စီမံ ဆောင်ရွက်ခြင်း-

(၁) ကျင့်ဝတ်ဆိုင်ရာ သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း၊

(၂) ကျင့်ဝတ်ဆိုင်ရာ Online သင်တန်းဖွင့်လှစ်ပို့ချနိုင်ရေး သင်ရိုး ညွှန်းတမ်းများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) **လုပ်ငန်းစဉ်(၂)။** အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ လူသား အရင်းအမြစ်စီမံခန့်ခွဲမှု အားကောင်းစေရန် အစီအမံများ ချမှတ်ခြင်း-

(၁) ကော်မရှင်ရုံးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှု တိုးတက်စေရေး ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်သည့် ဆန်းစစ်မှု ပြုလုပ်ခြင်း၊ ဆန်းစစ်ချက်အပေါ် အခြေခံ၍ သင်တန်းလိုအပ်ချက် ဆန်းစစ်မှုနှင့် သင်ခန်းစာများ ပြုစုခြင်း၊

(၃) အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် လက်စွဲပြုစုခြင်း၊

(၄) ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သော အဆင့်လိုက် တက်ရောက်ရမည့် သင်တန်းများသို့ တက်ရောက်ခြင်း၊

(၅) အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းများ ဖွင့်လှစ်ခြင်း၊

၈။ **လုပ်ငန်းကဏ္ဍ(၃)။** အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းကို အောက်ပါအတိုင်း လုပ်ငန်းစဉ် သုံးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်-

(က) **လုပ်ငန်းစဉ်(၁)။** ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု သုံးသပ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း-

(၁) ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင်အထည် ဖော်ဆောင်မှု သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယ စက်ဝန်းအတွက် အနှစ်ချုပ် အစီရင်ခံစာပါ သုံးသပ်အကြံပြုချက် များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၂) ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု သုံးသပ်ရေး လုပ်ငန်းစဉ်နှင့် ဆက်စပ်သည့် အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခြင်း၊

(၃) မြန်မာနိုင်ငံဆိုင်ရာ သုံးသပ်မှု အစီရင်ခံစာ ထုတ်ပြန်မှုများ အကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ် ပြန်လည်သုံးသပ်ခြင်း။

(ခ) **လုပ်ငန်းစဉ်(၂)။** နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း -

(၁) ASEAN-PAC အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရေးထိုးပြီးသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာ (MoU) များအား သက်တမ်းတိုးမြှင့်ခြင်း၊ ကျန်ရှိသည့် နိုင်ငံများနှင့် လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုးခြင်း၊

(၃) ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် နည်းပညာ အကူအညီများ ရယူခြင်း။

(ဂ) **လုပ်ငန်းစဉ်(၃)။** ပြည်တွင်း ပူးပေါင်းလက်တွဲဆောင်ရွက်မှုမြှင့်တင်ခြင်း -

(၁) မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်း၊ ငွေကြေးခဝါချခြင်း၊ နယ်စပ်ဒေသတွင် ဖြစ်ပွားနေသော လူမှုရေး၊ စီးပွားရေး၊ လက်နက်ကိုင် ပဋိပက္ခစသည့် နယ်ပယ်များနှင့် ဆက်စပ်လျက်ရှိသော အဂတိလိုက်စားမှုများကို အထူးပြုလေ့လာစူးစမ်းရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးခြင်း၊

(၂) လုပ်ငန်းဆက်စပ်မှုရှိသော အဖွဲ့အစည်းများနှင့် အဂတိလိုက်စားမှုနှင့် ပတ်သက်သော သတင်းရယူမှု၊ စုံစမ်းစစ်ဆေးမှု၊ တရားစွဲဆိုမှု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

၉။ **လုပ်ငန်းကဏ္ဍ(၄)။** နိုင်ငံတော်ပိုင် ဘဏ္ဍာရန်ပုံငွေ ပစ္စည်းများနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ထိရောက်စွာ အကာအကွယ်ပေးခြင်းကို အောက်ပါအတိုင်း လုပ်ငန်းစဉ် နှစ်ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်-

(က) **လုပ်ငန်းစဉ်(၁)။** ပြည်သူတို့၏ ယုံကြည်မှုကို မြှင့်တင်ပေးရန် အစိုးရကဏ္ဍတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ပတ်ဝန်းကျင်ကောင်း ဖြစ်ပေါ်စေခြင်း-

(၁) အစိုးရ၏ ဝယ်ယူရေး၊ ထုခွဲရောင်းချရေး၊ ငှားရမ်းရေး စီမံကိန်းလုပ်ငန်းများနှင့် တင်ဒါလုပ်ထုံးလုပ်နည်းများ တိကျသေချာစေရန် စည်းမျဉ်းစည်းကမ်းများ ပြန်လည်သုံးသပ်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ထိရောက်သော စည်းမျဉ်းအသစ်များ ချမှတ်ခြင်း၊

(၂) ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ပွင့်လင်းမြင်သာမှု ရှိခြင်း၊

(၃) နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ စီမံချက်အသစ်နှင့် ကိုက်ညီသော အစီအမံများ ချမှတ်ခြင်း၊

(၄) e-Government စနစ် ရေးဆွဲကျင့်သုံးရန် ကျွမ်းကျင်မှုအကူအညီနှင့် နည်းပညာများ ရရှိရေး အစီအမံချမှတ်ခြင်း၊

(၅) ပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း လုပ်ငန်းများအပေါ် လျစ်လျူရှုခဲ့ကြသည့် အုပ်စုလိုက် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေမြင့်မားသော ဌာန၊ အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်းများအပေါ် ပစ်မှတ်ထား၍ မဏ္ဍိုင်သုံးရပ်နှင့် လူထုလူတန်းစား အဖွဲ့အစည်းများ အကူအညီဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို စစ်ဆင်ရေးတစ်ရပ်သဖွယ် ဆင်နွှဲ၍ တိုက်ဖျက်ခြင်း၊

(၆) နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ "အစိုးရဌာန/အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း" နှင့်အညီ လိုက်နာနိုင်ရေး ဆောင်ရွက်ခြင်း၊

(၇) သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုတွင် ဖြစ်ပွားနေသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရန်နှင့် စုံစမ်းစစ်ဆေးအရေးယူရန် အစီအမံ ချမှတ်ခြင်း၊

(၈) ပြည်သူသို့ အစီရင်ခံစာ ပုံမှန်တင်ပြနိုင်ရေး ဆောင်ရွက်ခြင်း။

(ခ) **လုပ်ငန်းစဉ်(၂)။** လူနည်းစုအကျိုးစီးပွားအတွက် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွား ထိခိုက်နစ်နာမှုမရှိစေရန် အကာအကွယ်ပေးခြင်း-

(၁) အဂတိလိုက်စားမှုနှင့် ဆက်နွယ်နေသော မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှုစသည့် နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် တရားမဝင် စီးပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းတိုက်ဖျက်ခြင်း၊

(၂) ရေနံ၊ ကျောက်မျက်၊ ဓာတ်သတ္တု၊ သစ်တော၊ ရေထွက်ပစ္စည်းများ အပါအဝင် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်မှုများတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရန် စောင့်ကြည့်မှုနှင့် ထိရောက်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်း၊

(၃) အဂတိလိုက်စားမှုကြောင့် နစ်နာဆုံးရှုံးခဲ့ရသူများအပေါ် တရားမျှတမှု ရရှိအောင် ပြန်လည်ဖော်ဆောင်ပေးခြင်း။

၁၀။ **လုပ်ငန်းကဏ္ဍ(၅)။** အဂတိကင်းရှင်းသော စီးပွားရေးနယ်ပယ် ဖြစ်ပေါ်စေခြင်းကို အောက်ပါအတိုင်း လုပ်ငန်းစဉ် လေးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) **လုပ်ငန်းစဉ်(၁)။** မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း ကဲ့သို့သော ပြည်တွင်းနှင့် နိုင်ငံတကာ တည်ဆဲဥပဒေများကို အသုံးပြုခြင်းမှတစ်ဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် အလားအလာအသစ်များကို ရှာဖွေခြင်း၊

(ခ) **လုပ်ငန်းစဉ် (၂)။** စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များကို မျှဝေရန်နှင့် ကောင်းမွန်သော အလေ့အထများကို ဖလှယ်ရန်အတွက် ကွန်ရက်များ တည်ထောင်ခြင်း-

(၁) မြန်မာနိုင်ငံဆိုင်ရာ UN Global Compact Network နှင့် ချိတ်ဆက်မှု ခိုင်မာစေခြင်း၊

(၂) နိုင်ငံအတွင်းရှိ အစိုးရဌာန/အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ထားရှိခြင်း၊

(ဂ) **လုပ်ငန်းစဉ် (၃)။** စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများအတွက် ကျင့်ဝတ် (Code of Conduct) ရေးဆွဲခြင်း-

(၁) အများပြည်သူဆိုင်ရာ လုပ်ငန်းများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းဌာနများသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကျင့်ဝတ်များပြုစုရေးဆွဲရန်နှင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ နှင့်အညီ လိုက်နာကျင့်သုံးနိုင်ရေး အကြံဉာဏ်ပေးခြင်း၊

(၂) ကျင့်ဝတ်ရေးဆွဲလိုက်နာမှု ရှိ မရှိ လေ့လာသုံးသပ်ခြင်း၊

(ဃ) **လုပ်ငန်းစဉ် (၄)။** အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးကို တိုက်ဖျက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အသိအမြင်များ တိုးမြှင့်နိုင်ရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁) ပုဂ္ဂလိကကဏ္ဍ၌ အကျုံးဝင်သော စီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဟောပြောပွဲများ ကျင်းပခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ခြင်း၊

(၂) တင်ဒါကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၏ ၁/၂၀၁၇ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း။

၁၁။ **လုပ်ငန်းကဏ္ဍ(၆)။** အစိုးရဌာန/ အဖွဲ့အစည်းများ၏ အများပြည်သူဝန်ဆောင်မှု လုပ်ငန်းနယ်ပယ်တွင် လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းစေခြင်းကို အောက်ပါ လုပ်ငန်းစဉ် လေးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) **လုပ်ငန်းစဉ်(၁)။** ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များအောက်ရှိ ဌာနများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဟောပြောပွဲများနှင့် တားဆီးကာကွယ်ရေး ပညာပေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) **လုပ်ငန်းစဉ်(၂)။** အစိုးရဌာန/ အဖွဲ့အစည်းများတွင် ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU)များ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ကြီးကြပ် ခြင်းနှင့် အကြံဉာဏ်ပေးခြင်း-

(၁) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များဖြင့် အများ ပြည်သူဝန်ဆောင်မှုလုပ်ငန်းများတွင် ကျယ်ပြန့်စွာဖြစ်ပေါ်နေသော အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်း၊

(၂) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဦးဆောင်၍ အစိုးရ ဌာန/ အဖွဲ့အစည်းများတွင် ဝန်ဆောင်မှုရယူကြသော ပြည်သူများထံ SMS ပေးပို့၍ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme-PFP)ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

(ဂ) **လုပ်ငန်းစဉ်(၃)။** တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း များတွင် အဂတိလိုက်စားမှုအန္တရာယ်ရှိမှုကို သုံးသပ်ခြင်း၊

(၁) ဖြစ်နိုင်ခြေ မြင့်မားသော သို့မဟုတ် အန္တရာယ်ရှိနိုင်သော ဟာကွက် ပျော့ကွက်များကို ဆန်းစစ်သုံးသပ်ရေး (Corruption Risk Assessment) အလုပ်ရုံ ဆွေးနွေးပွဲများ ကျယ်ပြန့်စွာ ပြုလုပ်ခြင်း၊

(၂) ဆွေးနွေးပွဲ ရလဒ်များအပေါ် မူတည်၍ ဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဃ) **လုပ်ငန်းစဉ်(၄)။** အများပြည်သူဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ၏ အဂတိလိုက်စားမှု အခြေအနေကို အကဲဖြတ်နိုင်ရန် နှစ်စဉ် ပုံမှန်စစ်တမ်း ကောက်ယူခြင်း၊

(၁) ပြည်သူလူထု၊ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံ့ဝန်ထမ်းများထံမှ စစ်တမ်း ရယူခြင်း၊

(၂) စစ်တမ်းရလဒ်အား အသိပေးကြေညာခြင်းနှင့် သုံးသပ်ခြင်း။

## ၂၀၂၂ ခုနှစ် လုပ်ငန်းအစီအစဉ်

၁၂။ ကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ပေါ်မူတည်၍ ၂၀၂၂ ခုနှစ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းစဉ် ၁၀ ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) ပေါ်လစီမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး၊

(ခ ) ဥပဒေမူဘောင်ခိုင်မာရေး၊

(ဂ ) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊

(ဃ) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေး၊

(င ) ဌာနစွမ်းဆောင်ရည်မြှင့်တင်ရေး၊

(စ ) ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး၊

(ဆ) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှု တွန်းလှန်တိုက်ဖျက်ရေးအစီအစဉ်များအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊

(ဇ) အမြဲမပြတ် စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်ရေး၊

(ဈ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် ချမှတ်ရေး၊

(ည) ကော်မရှင်၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကို ပြည်သူသို့ အစီရင်ခံတင်ပြရေး။

# အခန်း(၂)

# အသိပညာပေးခြင်း

# ပြည်ထောင်စုဝန်ကြီးဌာနများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနှင့် အရပ်ဖက်အဖွဲ့အစည်းများတွင် ဆွေးနွေးဟောပြောခြင်း

၁၃။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနှင့် အရပ်ဖက်အဖွဲ့အစည်းများ၌ ဖွင့်လှစ်သည့် သင်တန်းများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရေးအတွက် ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး အရာထမ်းများက အောက်ပါအတိုင်း ဆွေးနွေးဟောပြောမှုများ ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | သင်တန်းအမည် | ပို့ချသူအမည် | ဦးရေ |
|---|---|---|---|
| **ကော်မရှင်အဖွဲ့ဝင်များ၏ ပို့ချမှု** | | | |
| ၁ | ၂-၂-၂၀၂၂ ရက်တွင် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူးစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၈) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ဦးအောင်မြင့်လွင် ကော်မရှင်အဖွဲ့ဝင် | ၄၅ ဦး |
| ၂ | ၁၆-၂-၂၀၂၂ ရက်တွင် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁၆) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ဦးဝင်းတည် ကော်မရှင်အဖွဲ့ဝင် | ၃၈ ဦး |
| ၃ | ၁၁-၃-၂၀၂၂ ရက်တွင် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၉) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ဦးအောင်မြင့်လွင် ကော်မရှင်အဖွဲ့ဝင် | ၃၇ ဦး |
| ၄ | ၂၇-၄-၂၀၂၂ ရက်တွင် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၇) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ဦးဝင်းတည် ကော်မရှင်အဖွဲ့ဝင် | ၄၃ ဦး |
| ၅ | ၄-၅-၂၀၂၂ ရက်တွင် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှု သင်တန်း၊ အမှတ်စဉ်(၉) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ဦးကျော်ဝင်းသိန်း ကော်မရှင်အဖွဲ့ဝင် | ၂၂ ဦး |
| ၆ | ၂၆-၅-၂၀၂၂ ရက်တွင် ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ်(၁/၂၀၂၂) ဥပဒေရေးရာဝန်ကြီးဌာန၊ နေပြည်တော် | ဒေါ်ခင်ချိုအုန်း ကော်မရှင်အဖွဲ့ဝင် | ၁၀၀ ဦး |
| ၇ | ၁၃-၆-၂၀၂၂ ရက်တွင် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၀) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ဒေါက်တာထွန်းထွန်းဦး ကော်မရှင်အဖွဲ့ဝင် | ၂၂ ဦး |

| စဉ် | သင်တန်းအမည် | ပို့ချသူအမည် | ဦးရေ |
|---|---|---|---|
| ၈ | ၅-၇-၂၀၂၂ရက်တွင် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁၈)၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ဦးဝင်းတည် ကော်မရှင်အဖွဲ့ဝင် | ၄၇ ဦး |
| ၉ | ၅-၇-၂၀၂၂ရက်တွင် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၅)၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ဦးဝင်းတည် ကော်မရှင်အဖွဲ့ဝင် | ၂၀ ဦး |
| ၁၀ | ၂၂-၇-၂၀၂၂ ရက်တွင် နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၂)၊ ဥပဒေရေးရာဝန်ကြီးဌာန၊ နေပြည်တော် | ဒေါ်ခင်ချိုအုန်း ကော်မရှင်အဖွဲ့ဝင် | ၂၆ ဦး |
| ၁၁ | ၁၂-၈-၂၀၂၂ ရက်တွင် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူးစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁၀)၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ဒေါ်ခင်ချိုအုန်း ကော်မရှင်အဖွဲ့ဝင် | ၂၁ ဦး |
| ၁၂ | ၁၂-၈-၂၀၂၂ ရက်တွင် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၁၁)၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ဒေါ်ခင်ချိုအုန်း ကော်မရှင်အဖွဲ့ဝင် | ၄၆ ဦး |
| ၁၃ | ၇-၉-၂၀၂၂ ရက်တွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် အမှတ်စဉ် (၂၁) ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် နေပြည်တော် | ဦးသန်းထွတ်သိန်း ကော်မရှင်အဖွဲ့ဝင် | ၁၃၃ ဦး |
| ၁၄ | ၃၀-၁၂-၂၀၂၂ ရက်တွင် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၂)၊ ဥပဒေရေးရာဝန်ကြီးဌာန၊ နေပြည်တော် | ဒေါ်ခင်ချိုအုန်း ကော်မရှင်အဖွဲ့ဝင် | ၃၅ ဦး |
| **ကော်မရှင်ရုံးမှ အရာထမ်းများ၏ ပို့ချမှု** | | | |
| ၁ | ၁၃-၁-၂၀၂၂ ရက်တွင် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၇၅)၊ အဆင့်မြင့် စက်ချုပ်နည်းပြ သင်တန်းအမှတ်စဉ်(၃၉)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၁၀၉) နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရန်ကုန် | ဒေါ်စုစု လက်ထောက် ညွှန်ကြားရေးမှူး | ၇၇ ဦး |
| ၂ | ၁၆-၂-၂၀၂၂ ရက်နေ့တွင် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်ဝင် ကျွမ်းကျင်မှု ဆိုင်ရာ အခြေခံသင်တန်း (၁/၂၀၂၂) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော် | ဒေါ်ဇာဇာမိုး ညွှန်ကြားရေးမှူး | ၄၀ ဦး |
| ၃ | ၂၃-၂-၂၀၂၂ ရက်နေ့တွင် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်ဝင် ကျွမ်းကျင်မှု ဆိုင်ရာ အခြေခံသင်တန်း (၁/၂၀၂၂) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော် | ဒေါ်ဇာဇာမိုး ညွှန်ကြားရေးမှူး | ၄၀ ဦး |

| စဉ် | သင်တန်းအမည် | ပို့ချသူအမည် | ဦးရေ |
|---|---|---|---|
| ၄ | ၁၅-၃-၂၀၂၂ ရက်နေ့တွင် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းနှင့် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်း အမှတ်စဉ် (၅) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ဦးအောင်ထူးမြင့် ညွှန်ကြားရေးမှူး၊ | ၈၃ ဦး |
| ၅ | ၁၇-၃-၂၀၂၂ ရက်နေ့တွင် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းနှင့် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်း အမှတ်စဉ် (၅) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ဦးအေးမင်းသောင်း ညွှန်ကြားရေးမှူး | ၇၃ ဦး |
| ၆ | ၁၈-၃-၂၀၂၂ ရက်နေ့တွင် ဘဏ္ဍာရေးစည်းမျဉ်းအထူးသင်တန်း အမှတ်စဉ် (၃၅) ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကုန်) | ဒေါ်စုစု လက်ထောက်ညွှန်ကြားရေးမှူး | ၆၀ ဦး |
| ၇ | ၂၆-၄-၂၀၂၂ ရက်တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာ ပေးဆွေးနွေးပွဲ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန် | ဒေါ်စုစု လက်ထောက် ညွှန်ကြားရေးမှူး | ၁၀၀ ဦး |
| ၈ | ၂၅-၅-၂၀၂၂ ရက်တွင် ဌာနခွဲစာရေးအတွက် အင်္ဂလိပ်စာနှင့် နိုင်ငံခြားရေးရာ ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၄/၂၀၂၂) နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော် | ဒေါ်ဇာဇာမိုး ညွှန်ကြားရေးမှူး | ၃၃ ဦး |
| ၉ | ၂၈-၆-၂၀၂၂ ရက်တွင် ဦးစီးအရာရှိ (စုံစမ်းရေး) မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း၊ တောင်ငူ | ဦးရဲထက် ညွှန်ကြားရေးမှူး | ၂၀ ဦး |
| ၁၀ | ၁၃-၇-၂၀၂၂ ရက်တွင် စီမံခန့်ခွဲရေးသင်တန်း၊ အမှတ်စဉ် (၇၆)၊ အဆင့်မြင့် စက်ချုပ်နည်းပြသင်တန်း၊ အမှတ်စဉ်(၄၀)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၁၁၀) ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရန်ကုန် | ဒေါ်စုစု လက်ထောက် ညွှန်ကြားရေးမှူး | ၇၃ ဦး |
| ၁၁ | ၂၅-၇-၂၀၂၂ ရက်တွင် မီးသတ်စခန်းမှူးသင်တန်း (အမျိုးသား) အမှတ်စဉ် (၂၀/၂၀၂၂)၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစု၊ ရန်ကုန် | ဒေါ်စုစု လက်ထောက် ညွှန်ကြားရေးမှူး | ၅၀ ဦး |
| ၁၂ | ၂၂-၈-၂၀၂၂ ရက်တွင် သံတမန်ရေးရာသင်တန်း(Course in Diplomacy-CID) အမှတ်စဉ် (၇/၂၀၂၂)၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော် | ဒေါ်ဇာဇာမိုး ညွှန်ကြားရေးမှူး | ၃၄ ဦး |
| ၁၃ | ၃-၁၀-၂၀၂၂ ရက်တွင် အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း၊ အမှတ်စဉ်(၄)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ဦးအေးမင်းသောင်း ညွှန်ကြားရေးမှူး | ၆၁ ဦး |

| စဉ် | သင်တန်းအမည် | ပို့ချသူအမည် | ဦးရေ |
|---|---|---|---|
| ၁၄ | ၁၄-၁၀-၂၀၂၂ ရက်တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ဒုတိယ နှစ်ဝက်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပထမနှစ်ဝက် သင်တန်း၊ (ကျောင်းပိတ်ရက်ကာလ ပြင်ပသင်ခန်းစာများ ပို့ချနိုင်ရေး)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန် | ဦးအောင်အောင် ဦးစီးအရာရှိ | ၉၃၉ ဦး |
| ၁၅ | ၂၈-၁၀-၂၀၂၂ ရက်တွင် စုံစမ်းရေးမှူးမွမ်းမံသင်တန်း၊ အမှတ်စဉ်(၁/၂၀၂၂)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း၊ တောင်ငူ | ဦးရဲထက် ညွှန်ကြားရေးမှူး | ၃၁ ဦး |
| ၁၆ | ၁၃-၁၁-၂၀၂၂ ရက်တွင် အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေများ အသိပညာပေးသင်တန်း၊ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ရန်ကုန် | ဦးမျိုးလွင်ဦး ညွှန်ကြားရေးမှူး | ၄၅၀ ဦး |
| ၁၇ | ၁၆-၁၂-၂၀၂၂ ရက်တွင် အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေများအသိပညာပေးသင်တန်း၊ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ရန်ကုန် | ဦးမျိုးလွင်ဦး ညွှန်ကြားရေးမှူး | ၈၀ ဦး |
| ၁၈ | ၁၂-၁၂-၂၀၂၂ ရက်တွင် အိမ်ခြံမြေအသိပညာမြှင့်တင်ရေးသင်တန်း၊ အမှတ်စဉ်(၁၀/၂၀၂၂)၊ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ နေပြည်တော် | ဦးမျိုးလွင်ဦး ညွှန်ကြားရေးမှူး | ၇၀၀ ဦး |
| ၁၉ | ၂၇-၁၂-၂၀၂၂ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူးသင်တန်းအမှတ်စဉ်(၁၅/၂၀၂၂)၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစု၊ ရန်ကုန် | ဦးအောင်အောင် လက်ထောက် ညွှန်ကြားရေးမှူး | ၅၀ ဦး |



ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင် သင်ခန်းစာပို့ချမှု



ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း သင်ခန်းစာပို့ချမှု



ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦး သင်ခန်းစာပို့ချမှု



ကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည် သင်ခန်းစာပို့ချမှု



ကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်ချိုအုန်း သင်ခန်းစာပို့ချမှု



ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း သင်ခန်းစာပို့ချမှု

**ပညာရေးဝန်ကြီးဌာန၏ သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း**

၁၄။ ကော်မရှင်မှ လွှဲပြောင်းပေးအပ်ခဲ့သည့် အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် ဆရာကိုင်စာအုပ်များနှင့် အခြေခံပညာအထက်တန်းအဆင့် ရည်ညွှန်းစာစောင်များပါ သင်ခန်းစာများကို အခြေခံပညာကျောင်းများ၏ စာရိတ္တနှင့် ပြည်သူ့နီတိ စတုတ္ထတန်း၊ ပဉ္စမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း စာအုပ်တို့တွင် ထည့်သွင်းထားပြီး လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်းများနှင့် ပညာရေးဒီဂရီကောလိပ်များ၏ သင်ရိုးညွှန်းတမ်းများတွင်လည်း ထည့်သွင်းရေးဆွဲထားပါသည်။

**တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များ ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်ခြင်း**

၁၅။ UNODC ၏ E4J Initiative Module Series မှ Anti-Corruption Module (3,4 &5) နှင့် Integrity and Ethics Module (9,10,11 & 12) တို့ကို ဘာသာပြန်ဆို၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၂)နှင့် ဖြောင့်မတ်တည်ကြည်မှုနှင့်ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၃)အဖြစ် ပုံနှိပ်ပြုစု၍ ပညာရေးဝန်ကြီးဌာနသို့ အုပ်ရေ ၂၀၀၀ စီ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များ၊ သင်တန်းကျောင်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ ဖြန့်ဝေနိုင်ခဲ့ပါသည်။

**ကျောင်းသားလူငယ် ပညာပေးရေး လုပ်ငန်းအစီအမံ ဖော်ဆောင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁၆။ ကော်မရှင်အနေဖြင့် ကျောင်းသားလူငယ်များအတွင်း ဖြောင့်မတ်တည်ကြည်မှုရှိသော အသိုက်အဝန်းတည်ဆောက်နိုင်ရန် ရည်ရွယ်၍ အခြေခံပညာကျောင်းများမှစ၍ ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ အသိပညာပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းသားလူငယ် ပညာပေးရေး လုပ်ငန်းအစီအမံ ဖော်ဆောင်ရေးအဖွဲ့ကို

ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခ(ဌာနမှူးများ) နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ပါဝင် ဖွဲ့စည်းခဲ့ပြီး အောက်ဖော်ပြပါ လုပ်ငန်းတာဝန် ၃ ရပ် ချမှတ်နိုင်ခဲ့ပါသည်-

(က) ဖြော်ဖြေမတ်တည်ကြည်မှု မြင့်တင်ရေး အသိပညာပေးဆိုင်ရာ ဆရာကိုင် စာအုပ်များအတွက် အခြေခံပညာအဆင့် ဆရာ၊ ဆရာမများအား သင်တန်း ပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) ရိုးသားဖြော့်မတ်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အလေ့အထ များ ကိန်းအောင်း ရှင်သန်လာစေရေးအတွက် ရည်ရွယ်သည့် သင်ကြားမှု၊ သင်ယူမှု လုပ်ငန်းစဉ်များ ပါဝင်သော ဆရာကိုင်လက်စွဲစာအုပ်များ ပြုစုရန်၊

(ဂ) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းများ၊ တက္ကသိုလ်များတွင် အဂတိ လိုက်စားမှု တိုက်ဖျက်ရေးအတွက် လူတိုင်းပါဝင်သင့်သော လှုပ်ရှားမှု ဖြော့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေးအစီအစဉ် (Edu-tainment) များကို ပြုလုပ်သွားရန်။

**ဖြော့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (Edu-tainment)များ အခြေခံ ပညာကျောင်းများတွင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း**

၁၇။ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဖွဲ့စည်းထားသည့် ကျောင်းသားလူငယ်ပညာ ပေးရေးလုပ်ငန်းအစီအမံ ဖော်ဆောင်ရေးအဖွဲ့၏ တတိယမြောက် လုပ်ငန်းတာဝန်ကို အကောင်အထည်ဖော်ဆောင်သည့်အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် ကော်မရှင် ရုံးခွဲများ(ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်)ရှိ အခြေခံပညာကျောင်း ၃၂ ကျောင်းတွင် ဖြော့်မတ်တည်ကြည်မှု မြှင့်တင်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများ သင်ကြားပို့ချ ခဲ့ပါသည်-

| စဉ် | ရက်စွဲ | ကျောင်းအမည် | ကြီးကြပ်သူ | ဆွေးနွေးပို့ချသူ | ဦးရေ |
|---|---|---|---|---|---|
| ၁ | ၂၀-၁၀-၂၀၂၂ | အ.ထ.က(၅)<br>နေပြည်တော် | - | ဒေါ်ဇာဇာမိုး<br>ညွှန်ကြားရေးမှူး | ၁၇၅ |
| ၂ | ၂၁-၁၀-၂၀၂၂ | အ.ထ.က မင်းကုန်း<br>နေပြည်တော် | - | ဒေါ်ဇာဇာမိုး<br>ညွှန်ကြားရေးမှူး | ၁၅၅ |

| စဉ် | ရက်စွဲ | ကျောင်းအမည် | ကြီးကြပ်သူ | ဆွေးနွေးပို့ချသူ | ဦးရေ |
|---|---|---|---|---|---|
| ၃ | ၂၇-၁၀-၂၀၂၂ | အ.ထ.က(ခွဲ)လ(၃)၊ နေပြည်တော် | - | ဦးသိန်းထိုက်ဝင်း ဒုတိယညွှန်ကြားရေးမှူး | ၁၇၄ |
| ၄ | ၂၈-၁၀-၂၀၂၂ | အ.ထ.က(ခွဲ) ရွှေနံ့သာ၊ နေပြည်တော် | - | ဦးသိန်းထိုက်ဝင်း ဒုတိယညွှန်ကြားရေးမှူး | ၂၀၈ |
| ၅ | ၃-၁၁-၂၀၂၂ | အ.ထ.က ရေဆင်း၊ နေပြည်တော် | ဒေါ်ကြူကြူဝင်း အဖွဲ့ဝင် | ဒေါ်ဇာဇာမိုး ညွှန်ကြားရေးမှူး | ၂၀၀ |
| ၆ | ၁၀-၁၁-၂၀၂၂ | အ.ထ.က (၁)၊ နေပြည်တော် | ဦးမောင်မောင်တင့် အဖွဲ့ဝင် | ဒေါ်ဇာဇာမိုး ညွှန်ကြားရေးမှူး | ၂၀၀ |
| ၇ | ၁၀-၁၁-၂၀၂၂ | အ.လ.က (၃)၊ ဗဟန်း ရန်ကုန် | - | ဦးကိုကိုလှိုင် ဦးစီးအရာရှိ | ၁၆၅ |
| ၈ | ၁၁-၁၁-၂၀၂၂ | လေ့ကျင့်ရေး အထက်တန်းကျောင်း (ကမာရွတ်)၊ရန်ကုန် | - | ဦးကိုကိုလှိုင် ဦးစီးအရာရှိ | ၄၇၉ |
| ၉ | ၁၅-၁၁-၂၀၂၂ | အ.ထ.က (၁)၊ မော်လမြိုင်မြို့ | - | ဦးဖြိုးစိုးကြည် ဒုတိယညွှန်ကြားရေးမှူး | ၇၈ |
| ၁၀ | ၁၆-၁၁-၂၀၂၂ | အ.ထ.က (၄)၊ မော်လမြိုင် | - | ဦးဖုန်းမြင့်ဇော် လက်ထောက် ညွှန်ကြားရေးမှူး | ၁၂၅ |
| ၁၁ | ၁၈-၁၁-၂၀၂၂ | အ.ထ.က (တောင်ညို)၊ နေပြည်တော် | ဦးဝင်းတည် အဖွဲ့ဝင် | ဦးသိန်းထိုက်ဝင်း ဒုတိယညွှန်ကြားရေးမှူး | ၁၂၀ |
| ၁၂ | ၂၃-၁၁-၂၀၂၂ | အ.ထ.က (၅)၊ မန္တလေးမြို့ | - | ဒေါ်စိမ်းမမခိုင် လက်ထောက် ညွှန်ကြားရေးမှူး | ၄၆၅ |
| ၁၃ | ၂၃-၁၁-၂၀၂၂ | အ.ထ.က (၇)၊ မော်လမြိုင် | - | ဦးခိုင်ဇော်လင်း လက်ထောက် ညွှန်ကြားရေးမှူး | ၇၅ |
| ၁၄ | ၂၄-၁၁-၂၀၂၂ | အ.ထ.က (၅)၊ မရမ်းကုန်း၊ ရန်ကုန် | - | ဦးကိုကိုလှိုင် ဦးစီးအရာရှိ | ၂၄၁ |
| ၁၅ | ၂၅-၁၁-၂၀၂၂ | အ.ထ.က (၈)၊ နေပြည်တော် | ဦးအောင်မြင့်လွင် အဖွဲ့ဝင် | ဦးသိန်းထိုက်ဝင်း ဒုတိယညွှန်ကြားရေးမှူး | ၂၂၀ |
| ၁၆ | ၃၀-၁၁-၂၀၂၂ | အ.ထ.က (၁၂)၊ မန္တလေးမြို့ | - | ဒေါ်နွဲ့နွဲ့မူ ဦးစီးအရာရှိ | ၂၀၆ |

| စဉ် | ရက်စွဲ | ကျောင်းအမည် | ကြီးကြပ်သူ | ဆွေးနွေးပို့ချသူ | ဦးရေ |
|---|---|---|---|---|---|
| ၁၇ | ၁-၁၂-၂၀၂၂ | အ.ထ.က (၈)၊ မော်လမြိုင်မြို့ | - | ဦးဖြိုးစိုးကြည် ဒုတိယညွှန်ကြားရေးမှူး | ၇၅ |
| ၁၈ | ၂-၁၂-၂၀၂၂ | အ.ထ.က (၉)၊ နေပြည်တော် | ဦးကျော်စိုးလင်း အဖွဲ့ဝင် | ဒေါ်မြတ်ဆုသင်း ဒုတိယညွှန်ကြားရေးမှူး | ၂၀၀ |
| ၁၉ | ၂-၁၂-၂၀၂၂ | အ.ထ.က (၁၁)၊ တောင်ကြီးမြို့ | - | ဦးသန်းထွန်း ဒုတိယညွှန်ကြားရေးမှူး | ၁၉၀ |
| ၂၀ | ၂-၁၂-၂၀၂၂ | အ.ထ.က (၄) ၊ အလုံ၊ ရန်ကုန်မြို့ | | ဦးကိုကိုလှိုင် ဦးစီးအရာရှိ | ၃၀၉ |
| ၂၁ | ၆-၁၂-၂၀၂၂ | အ.ထ.က (၁၀)၊ နေပြည်တော် | ဒေါက်တာ ထွန်းထွန်းဦး အဖွဲ့ဝင် | ဒေါ်မြတ်ဆုသင်း ဒုတိယညွှန်ကြားရေးမှူး | ၂၃၀ |
| ၂၂ | ၇-၁၂-၂၀၂၂ | အ.ထ.က (၁၄)၊ မန္တလေးမြို့ | - | ဒေါ်သက်သက်ဇော် ဦးစီးမှူး | ၁၈၈ |
| ၂၃ | ၇-၁၂-၂၀၂၂ | အ.ထ.က (၉)၊ မော်လမြိုင်မြို့ | - | ဦးဖုန်းမြင့်ဇော် လက်ထောက် ညွှန်ကြားရေးမှူး | ၂၂၁ |
| ၂၄ | ၈-၁၂-၂၀၂၂ | အ.ထ.က (၃)၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့ | - | ဦးကိုကိုလှိုင် ဦးစီးအရာရှိ | ၃၅၃ |
| ၂၅ | ၉-၁၂-၂၀၂၂ | အ.ထ.က (၁၀)၊ တောင်ကြီးမြို့ | - | ဦးအောင်မိုး လက်ထောက် ညွှန်ကြားရေးမှူး | ၂၆၄ |
| ၂၆ | ၁၄-၁၂-၂၀၂၂ | အ.ထ.က (၁၆)၊ မန္တလေးမြို့ | - | ဒေါ်နွဲ့နွဲ့မူ ဦးစီးအရာရှိ | ၂၀၀ |
| ၂၇ | ၁၄-၁၂-၂၀၂၂ | အ.ထ.က (၁၀) ၊ မော်လမြိုင်မြို့ | - | ဦးခိုင်ဇော်လင်း လက်ထောက် ညွှန်ကြားရေးမှူး | ၁၃၈ |
| ၂၈ | ၁၅-၁၂-၂၀၂၂ | အ.ထ.က (၈)၊ တောင်ကြီးမြို့ | - | ဦးကျော်စွာဦး ဦးစီးမှူး | ၃၆၃ |
| ၂၉ | ၁၆-၁၂-၂၀၂၂ | အ.ထ.က (၆) ဗိုလ်တထောင်၊ ရန်ကုန်မြို့ | - | ဦးမျိုးထွန်းထွန်း ဦးစီးအရာရှိ | ၂၄၉ |

| စဉ် | ရက်စွဲ | ကျောင်းအမည် | ကြီးကြပ်သူ | ဆွေးနွေးပို့ချသူ | ဦးရေ |
|---|---|---|---|---|---|
| ၃၀ | ၁၆-၁၂-၂၀၂၂ | အ.ထ.က (၉)၊ တောင်ကြီးမြို့ | - | ဦးကျော်စွာဦး ဦးစီးမှူး | ၂၂၀ |
| ၃၁ | ၂၈-၁၂-၂၀၂၂ | အ.ထ.က (၁)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | - | ဒေါ်စိမ်းမခိုင် လက်ထောက်ညွှန်ကြားရေးမှူး | ၂၀၀ |
| ၃၂ | ၃၀-၁၂-၂၀၂၂ | အ.ထ.က (၇)၊ တောင်ကြီးမြို့ | - | ဦးကျော်စွာဦး ဦးစီးမှူး | ၃၅၅ |



ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းက အ.ထ.က(ရေဆင်း) ကျောင်းအုပ်ဆရာမကြီးထံ လက်ကမ်းစာစောင်များနှင့် အမှတ်တရပစ္စည်းများပေးအပ်ခြင်း



ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က အ.ထ.က(၁) နေပြည်တော်၊ ကျောင်းအုပ်ဆရာမကြီးထံ လက်ကမ်းစာစောင်များနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ခြင်း



ကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်က အ.ထ.က (တောင်ညို) ကျောင်းအုပ်ဆရာမကြီးထံ လက်ကမ်းစာစောင်များနှင့် အမှတ်တရပစ္စည်းများပေးအပ်ခြင်း



ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်က အ.ထ.က (၈) နေပြည်တော်၊ ကျောင်းအုပ်ဆရာမကြီးထံ လက်ကမ်းစာစောင်များနှင့် အမှတ်တရပစ္စည်းများပေးအပ်ခြင်း

# နိုင်ငံပိုင်သတင်းစာများ၊ လူမှုကွန်ရက်စာမျက်နှာ၊ Website နှင့် ရုပ်မြင်သံကြားတို့တွင် အသိပညာပေးဖော်ပြမှုများ

## နိုင်ငံပိုင်သတင်းစာများတွင် ဆောင်းပါးများ ရေးသားဖော်ပြခြင်း

၁၈။ ကော်မရှင်သည် လျှို့ဝှက်ထိန်းသိမ်းရမည့် သတင်းအချက်အလက်များမှအပ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများအား အများပြည်သူ ဖတ်ရှုလေ့လာနိုင်စေရန်အတွက် ဆောင်းပါးများကို နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်-

| စဉ် | ကလောင်အမည် | ဆောင်းပါးအမည် | ရက်စွဲ | ဖော်ပြသည့်သတင်းစာ |
|---|---|---|---|---|
| ၁ | လင်းလက် | အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အခန်းကဏ္ဍ | ၂၄-၁-၂၀၂၂<br>၅-၁-၂၀၂၂ | မြန်မာ့အလင်း<br>ကြေးမုံ |
| ၂ | လင်းလက် | အပြည်ပြည်ဆိုင်ရာပွင့်လင်းမြင်သာမှုရှိရေး အဖွဲ့အစီရင်ခံစာများပါ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကြိုးပမ်းမှုများ | ၁၁-၂-၂၀၂၂<br>၁၂-၂-၂၀၂၂ | မြန်မာ့အလင်း<br>ကြေးမုံ |
| ၃ | မမွေး | အဂတိကင်းစင်သော အနာဂတ် နိုင်ငံတော်အတွက် မျိုးဆက်သစ်များ သိကောင်းစရာ | ၁၅-၂-၂၀၂၂ | မြန်မာ့အလင်း |
| ၄ | စိမ်းလန်းမြေ | ထိရောက်မှန်ကန်မှုရှိသည့်တိုင်ကြားစာများ ဖြစ်စေလို | ၁၇-၂-၂၀၂၂ | မြန်မာ့အလင်း |
| ၅ | လင်းလက် | မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ တစ်နှစ်တာ အပိုင်း(၁) | ၁၀-၃-၂၀၂၂<br>၁၁-၃-၂၀၂၂ | မြန်မာ့အလင်း<br>ကြေးမုံ |

| စဉ် | ကလောင်အမည် | ဆောင်းပါးအမည် | ရက်စွဲ | ဖော်ပြသည့် သတင်းစာ |
|---|---|---|---|---|
| ၆ | လင်းလက် | မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ တစ်နှစ်တာ အပိုင်း(၂) | ၁၁-၃-၂၀၂၂<br>၁၂-၃-၂၀၂၂ | မြန်မာ့အလင်း<br>ကြေးမုံ |
| ၇ | မယ်စူးစမ်း | မီဒီယာ၊ လူမှုကွန်ရက်နှင့် ကျင့်ဝတ် | ၁၁-၄-၂၀၂၂ | မြန်မာ့အလင်း |
| ၈ | လင်းလက် | ကိုရီးယားနိုင်ငံ၏ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်း ဖြောင့်မတ်တည်ကြည်မှု ဆန်းစစ်အကဲဖြတ်ခြင်း | ၁-၅-၂၀၂၂ | မြန်မာ့အလင်း |
| ၉ | မယ်စူးစမ်း | အဂတိလိုက်စားမှုပြဿနာကိုကိုင်တွယ်ခြင်း အသိပညာပေးရေးနှင့်ကျောင်းပညာရေးကဏ္ဍ | ၂၆-၅-၂၀၂၂ | မြန်မာ့အလင်း |
| ၁၀ | လင်းလက် | အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့ဝင် ကမ္ဘောဒီးယားနိုင်ငံ၏ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများ | ၂၆-၆-၂၀၂၂ | မြန်မာ့အလင်း |
| ၁၁ | ခင်သန့်စင် | အကျိုးစီးပွားပဋိပက္ခနှင့်အဂတိဆက်နွယ်မှု | ၂၇-၆-၂၀၂၂ | မြန်မာ့အလင်း |
| ၁၂ | လင်းလက် | အဂတိလိုက်စားမှုများကို တိုက်ဖျက်ဖို့ အကျိုးစီးပွားပဋိပက္ခများ တားဆီးစို့ | ၂၉-၆-၂၀၂၂ | မြန်မာ့အလင်း |
| ၁၃ | လင်းလက် | အာဆီယံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၏ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများ | ၂၆-၇-၂၀၂၂<br>၂၉-၇-၂၀၂၂ | မြန်မာ့အလင်း<br>ကြေးမုံ |
| ၁၄ | အဂ္ဂညာဏ် (ချယ်ရီရိပ်) | အဂတိလိုက်စားမှုနှင့် နိုင်ငံတော် နစ်နာဆုံးရှုံးမှု သတိပြု | ၃-၇၁-၂၀၂၂ | မြန်မာ့အလင်း |
| ၁၅ | မောင်မင်းဇံ | ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး | ၁၉-၈-၂၀၂၂<br>၂၂-၈-၂၀၂၂ | မြန်မာ့အလင်း<br>ကြေးမုံ |
| ၁၆ | မွေး | ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့ အဂတိလိုက်စားမှု တိုက်ဖျက်ကြပါစို့ | ၂-၉-၂၀၂၂<br>၃-၉-၂၀၂၂ | မြန်မာ့အလင်း<br>ကြေးမုံ |
| ၁၇ | လင်းလက် | အဂတိလိုက်စားမှုများ တိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့ | ၁၇-၁၀-၂၀၂၂<br>၁၉-၁၀-၂၀၂၂ | မြန်မာ့အလင်း<br>ကြေးမုံ |

## လူမှုကွန်ရက်မှတစ်ဆင့် အသိပညာပေးခြင်း

၁၉။ ကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့်သက်ဆိုင်သည့် သိမှတ်ဖွယ်ရာများကို အများပြည်သူ ပိုမိုသိရှိနိုင်စေရန် ရည်ရွယ်၍ အသိပညာပေး အစီအစဉ်တစ်ရပ်အနေဖြင့် “အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့” Facebook Page ကို ၂၁-၉-၂၀၂၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး သိမှတ်ဖွယ်ရာ Post များကို အပတ်စဉ် အင်္ဂါနေ့နှင့် ကြာသပတေးနေ့များတွင် တင်ပြခြင်းဖြင့် အသိပညာပေးဆောင်ရွက်လျက်ရှိရာ ၁-၁-၂၀၂၂ ရက်မှ ၃၁-၁၂-၂၀၂၂ ရက်အထိ အသိပညာပေး Post အရေအတွက် ၁၀၄ ပုဒ် တင်ပြနိုင်ခဲ့ပါသည်။

## နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရုပ်ပြသရုပ်ဖော် တေးသီချင်းနှင့် ဇာတ်လမ်းတိုများ ထုတ်လွှင့်ခြင်း

၂၀။ ကော်မရှင်အနေဖြင့် အသိပညာပေးခြင်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်စေရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာ ဗဟုသုတများကို အများပြည်သူ ပိုမိုသိရှိနိုင်စေရန် ရည်ရွယ်၍ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် အဖြစ် ရုပ်ပြသရုပ်ဖော် တေးသီချင်း သုံးပုဒ်နှင့် ဇာတ်လမ်းတို ခုနစ်ပုဒ်တို့အား ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ၂၀၂၁ ခုနှစ်မှစ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်လျက်ရှိပါသည်။



မှန်တာကို ပြောပါ



ရိုးသားပါ




ဖြောင့်မတ်တည်ကြည်မှုသည်
တစ်ခုတည်းလမ်းဖြစ်သည်




မှန်မှန်ကန်ကန် မျှမျှတတ




ကိုယ်ကျင့်တရားအလေးထား




မျှတသော ယှဉ်ပြိုင်ခြင်း



ရထိုက်ခွင့်မရှိသော အခွင့်အရေးကို ပေးခြင်း




တင်ဒါအကြောင်းသိကောင်းစရာ




တံခါးမှူးဒွါသို့ တမ်းခြင်း




ဤအပြုအမူမျိုး ပြုလုပ်သင့်ပါသလား

## သတင်းထုတ်ပြန်ခြင်း

၂၁။ ကော်မရှင်သည် လျှို့ဝှက်ထိန်းသိမ်းရမည့် သတင်းအချက်အလက်များမှအပ ကော်မရှင်၏ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ချက်များကို အများပြည်သူ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်နှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးမြင့်လာစေရန်အတွက် ကော်မရှင် Website (http://www.accm.gov.mm) နှင့် နိုင်ငံပိုင်သတင်းစာများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူ ဆောင်ရွက်ခဲ့သည့် သတင်း ၂၁ ပုဒ်နှင့် ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်း ၃၉ ပုဒ် တို့အား ဖော်ပြခဲ့ပါသည်။

## တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း

၂၂။ ကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးကဏ္ဍကို ပိုမိုတိုးမြှင့်ဆောင်ရွက်သည့်အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းများကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

| စဉ် | ရက်စွဲ | ကော်မရှင်အဖွဲ့ဝင် | တိုင်းဒေသကြီး/ပြည်နယ် | ဦးရေ |
|---|---|---|---|---|
| ၁ | ၂၁-၁၁-၂၀၂၂ | ဦးသန်းထွတ်သိန်း | ရန်ကုန်တိုင်းဒေသကြီး | ၂၆၀ ဦး |
| ၂ | ၂၄-၁၁-၂၀၂၂ | ဒေါ်ကြူကြူဝင်း | ပဲခူးတိုင်းဒေသကြီး | ၁၂၀ ဦး |
| ၃ | ၂၀-၁၂-၂၀၂၂ | ဒေါက်တာထွန်းထွန်းဦး | မန္တလေးတိုင်းဒေသကြီး | ၁၆၂ ဦး |
| ၄ | ၂၇-၁၂-၂၀၂၂ | ဦးမောင်မောင်တင့် | ရှမ်းပြည်နယ် | ၁၆၀ ဦး |



၂၁-၁၁-၂၀၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌
အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ
အသိပညာပေး ရှင်းလင်းဆွေးနွေးမှု



၂၄-၁၁-၂၀၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး၌
အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ
အသိပညာပေး ရှင်းလင်းဆွေးနွေးမှု



၂၀-၁၂-၂၀၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး၌
အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ
အသိပညာပေးရှင်းလင်းဆွေးနွေးမှု



၂၇-၁၂-၂၀၂၂ ရက်တွင် ရှမ်းပြည်နယ်၌
အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ
အသိပညာပေးရှင်းလင်းဆွေးနွေးမှု

# အသိပညာပေးပြခန်းနှင့် အသိပညာပေးစာစောင်များ ဖြန့်ဝေမှု

## အသိပညာပေးပြခန်း

၂၃။ ၁၉ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁)တွင် ၉-၁၂-၂၀၂၂ ရက်၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ အခမ်းအနားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပြခန်းကို ဖွင့်လှစ်ပြသခဲ့ပါသည်။ အဆိုပါ ပြခန်း၌ ကော်မရှင်၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ မှတ်တမ်းဓာတ်ပုံများ၊ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ၊ လက်ကမ်းစာစောင်များ၊ ဥပဒေနှင့် ကျင့်ဝတ်စာအုပ်များကို ခင်းကျင်းပြသခဲ့ပါသည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုစဉ်**

## ဥပဒေနှင့် လက်ကမ်းစာစောင်များ ပြုစုထုတ်ဝေဖြန့်ချီခြင်း

၂၄။ အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် အသိပညာပေးခြင်းကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU)များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ ပြည်ထောင်စုဝန်ကြီး

ဌာန/ အဖွဲ့အစည်းများ၌ ဖွင့်လှစ်သည့် သင်တန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပပြုလုပ်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး ရှင်းလင်း ဆွေးနွေးခြင်း အခမ်းအနားများနှင့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတို့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေစာအုပ် ၉၃၆ အုပ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင် ၅၆၉၉ စောင်၊ တားဆီးကာကွယ်ခြင်း လက်ကမ်းစာစောင် ၅၆၉၉ စောင်နှင့် စုံစမ်းစစ်ဆေးခြင်း လက်ကမ်း စာစောင် ၅၆၉၉ စောင်တို့အား ဖြန့်ဝေခဲ့ပါသည်။









# အခန်း(၃)

# တားဆီးကာကွယ်ခြင်း

# ဥပဒေမူဘောင် ခိုင်မာရေး

၂၅။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC) အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ၁၇-၉-၂၀၁၃ ရက်တွင် စတင် အာဏာတည်ခဲ့သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်အထိ ပြင်ဆင်ခဲ့သော်လည်း ဥပဒေပါအချက်များမှာ မြန်မာနိုင်ငံ၏ ပကတိ အခြေအနေနှင့် အခြားသော တည်ဆဲဥပဒေများနှင့် ညီညွတ်မှု ရှိ မရှိကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါသဖြင့် ဆောင်ရွက်ခွင့်ပြုနိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် တင်ပြခဲ့ပါသည်။

၂၆။ စတုတ္ထအကြိမ် ပြင်ဆင်ရေးဆွဲခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ မူလနည်းဥပဒေအား လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက် အခဲများနှင့် အားနည်းချက်များကို ကုစားနိုင်ရန်အတွက်လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက် အရ လည်းကောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေများ(မူကြမ်း) အသစ် ပြန်လည်ရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂၇။ အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေး ဥပဒေ (မူကြမ်း)အား အမှာစာ ပြန်လည်ပြုစု တင်ပြမည်ဖြစ်ပါသဖြင့် ထပ်မံဖြည့်စွက် ပြင်ဆင်လိုသည်များရှိပါက ၁၉-၈-၂၀၂၂ ရက်မတိုင်မီ အကြံပြုချက်များ ပေးပို့နိုင်ပါရန် ဝန်ကြီးဌာန ၃၃ ခုနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း ၄ ခုသို့ ပေးပို့ခဲ့ပြီး ဝန်ကြီးဌာနများ နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း တစ်ခုမှ ပြန်လည်ပေးပို့လာသည့် အကြံပြုချက်များ အပေါ် ဥပဒေရေးရာလုပ်ငန်းကော်မတီက ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး အများပြည်သူ အကျိုးထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေး ပြန်လည် သုံးသပ်ဆောင်ရွက်လျက်ရှိပါသည်။

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေ

၂၈။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) လုပ်ငန်းကဏ္ဍ (၁) ဖြစ်သည့် "အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း လုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေမည့် အခြေခံကောင်းများ တည်ဆောက် ခြင်း" ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၉။ ထိုသို့ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အခြေခံကောင်းများ တည်ဆောက်နိုင်ရန်နှင့် နိုင်ငံတစ်ဝန်းတွင် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းလာ စေရေးအတွက် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၂၀ ပြည့်နှစ်မှစ၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ(Corruption Prevention Unit-CPU) ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ်အထိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အပါအဝင် ပြည်ထောင်စု ဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၈ ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတို့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ပါသည်။

၃၀။ ကော်မရှင်သည် CPU အဖွဲ့များ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းတာဝန် ၃ ရပ်နှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် ၆ ရပ်တို့ကို ချမှတ်၍ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

၃၁။ တားဆီးကာကွယ်ခြင်းကဏ္ဍတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU)များအား ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၁၄ ခု တွင် ရှေ့ပြေးအဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာမှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအထိ ပြည်ထောင်စု

ဝန်ကြီးဌာန/အဖွဲ့အစည်း ၃၈ ခုတွင်သာမက တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ ၁၄ ခု တွင်ပါ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သောကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ပိုမို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အဂတိ လိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

၃၂။ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၈ ခုတွင် ဖွဲ့စည်းထားသည့် အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ ဆောင်ရွက် နိုင်စေရန် ရည်ရွယ်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၁၇-၈-၂၀၂၂ ရက်တွင် ကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှု

တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မူဝါဒပိုင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ၂၇-၁၀-၂၀၂၂ ရက်တွင် Hybrid စနစ်ဖြင့်လည်းကောင်း ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ရာ တာဝန်ရှိပုဂ္ဂိုလ် စုစုပေါင်း ၉၇ ဦး တက်ရောက်ခဲ့ပါသည်။

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များအတွက် နည်းပညာဆိုင်ရာ သင်တန်းများ ကျင်းပခြင်း

၃၃။ ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းနှင့် နည်းပညာဆိုင်ရာ သင်တန်းပို့ချခြင်းများကို ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများက အောက်ပါအတိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | ပို့ချသည့် ရက်စွဲ | ပို့ချသည့် ဦးရေ | ပို့ချသည့် ပုံစံ |
|---|---|---|---|---|
| **ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အသိပညာပေး ဆွေးနွေးခြင်း** | | | | |
| ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန | ၂၉-၄-၂၀၂၂ | ၁၄၀ | Hybrid |
| ၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၈-၉-၂၀၂၂ | ၂၇၇ | Hybrid |
| ၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၄-၁၁-၂၀၂၂ | ၁၉ | Hybrid |
| ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန | ၁၆-၁၂-၂၀၂၂ | ၉၇ | Hybrid |
| | **စုစုပေါင်း** | | **၅၃၃** | |

| စဉ် | အကြောင်းအရာ | ပို့ချသည့် ရက်စွဲ | ပို့ချသည့် ဦးရေ | ပို့ချသည့် ပုံစံ |
|---|---|---|---|---|
| **တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် နည်းပညာဆိုင်ရာသင်တန်းပို့ချခြင်း** | | | | |
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၂၂-၁၁-၂၀၂၂ | ၂၇ | In-Person |
| ၂ | ပဲခူးတိုင်းဒေသကြီး | ၂၅-၁၁-၂၀၂၂ | ၅၀ | In-Person |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၂၁-၁၂-၂၀၂၂ | ၆၀ | In-Person |
| ၄ | ရှမ်းပြည်နယ် | ၂၈-၁၂-၂၀၂၂ | ၅၀ | In-Person |
| | **စုစုပေါင်း** | | **၁၈၇** | |










**CPU အဖွဲ့များအား PFP Web Portal နည်းပညာအသုံးပြုမှုဆိုင်ရာသင်တန်းပို့ချခြင်း**

၃၄။ ကော်မရှင်အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ CPU အဖွဲ့များက အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း ဆောင်ရွက်ရာတွင် လိုအပ်သည့် နည်းပညာအကူအညီများ ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချပေးရန် ညှိနှိုင်းလာပါက အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment-CRA) နှင့်စပ်လျဉ်းသည့် သင်ခန်းစာများကို ထည့်သွင်းပို့ချပေးခဲ့ပါသည်။

## အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ

၃၅။ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ CPU အဖွဲ့များအနေဖြင့် သက်ဆိုင်ရာဌာနအလိုက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ မူဝါဒများချမှတ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လစဉ်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို ပြုစု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ ပေးပို့တင်ပြပြီး ကော်မရှင်ရုံးသို့ မိတ္တူပေးပို့လျက်ရှိပါသည်။

၃၆။ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများအရ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များသည် မူလလုပ်ငန်းတာဝန်များအပြင် CPU ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းအစီအစဉ်များတွင် ပါဝင်သည့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း(CRA)၊ တည်မြဲလုပ်ထုံးလုပ်နည်းများ ရေးဆွဲနိုင်ရေး ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ CPUအဖွဲ့များထံသို့ အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ သတင်းပို့တိုင်ကြားနိုင်သည့်စနစ်များ ထူထောင်ထားသည့်အပြင် ကော်မရှင်က လွှဲပြောင်းပေးပို့သော တိုင်ကြားစာများနှင့် သက်ဆိုင်ရာ CPU များထံသို့ တိုင်ကြားလာသည့် တိုင်ကြားစာများကို စိစစ်အရေးယူနိုင်ခြင်း စသည့် လုပ်ငန်းတာဝန်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၃၇။ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက ပေးပို့လာသည့် လစဉ်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများအရ ၂၀၂၂ ခုနှစ်တွင် CPU အဖွဲ့များသို့ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သတင်းပို့ တိုင်ကြားနိုင်ရန် အောက်ပါ အတိုင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | သတင်းပို့ တိုင်ကြား နိုင်သည့် တာဝန်ခံ ဦးရေ | ဌာန/ ဌာနခွဲ အရေ အတွက် | E-mail အရေ အတွက် | အကြံပြု စာတိုက် ပုံး အရေ အတွက် | Website တည် ထောင် ထားရှိမှု |
|---|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁ | ၁ | ၁ | ၁ | ၁ |
| ၂ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး | ၁ | ၁ | ၁ | - | ၁ |
| ၃ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် | ၁ | ၁ | ၁ | ၁ | ၁ |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | ၇ | ၄ | ၃ | ၄ | ၃ |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | ၁၁၉ | ၁၁၆ | ၁၁၇ | ၄၇၄ | ၂၀ |
| ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | | ၂ | ၂ | ၂ | ၁ |
| ၇ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန | - | ၄၇ | ၄၇ | ၂ | ၄၂ |
| ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၁၃ | ၃ | ၇ | ၃ | ၁ |
| ၉ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၃၁ | ၃၁ | ၁၂ | ၃၅ | ၁ |
| ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန | ၂ | ၃ | ၃ | ၁၈ | ၄ |
| ၁၁ | ဥပဒေရေးရာဝန်ကြီးဌာန | ၁ | ၁ | ၁ | ၄၂၀ | ၁ |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | သတင်းပို့ တိုင်ကြား နိုင်သည့် တာဝန်ခံ ဦးရေ | ဌာန/ ဌာနခွဲ အရေ အတွက် | E-mail အရေ အတွက် | အကြံပြု စာတိုက် ပုံး အရေ အတွက် | Website တည် ထောင် ထားရှိမှု |
|---|---|---|---|---|---|---|
| ၁၂ | ပြန်ကြားရေးဝန်ကြီးဌာန | ၅ | ၅ | ၅ | ၅ | ၁ |
| ၁၃ | သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန | ၂ | ၂ | ၂ | ၂ | ၂ |
| ၁၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၉၀ | ၆၂ | ၉၀ | ၇၁ | ၆ |
| ၁၅ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ၇ | ၅ | ၆ | ၃၀၁ | ၁ |
| ၁၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၆၈ | ၅၄ | ၆၈ | ၈ | ၈ |
| ၁၇ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | - | - | - | ၃ | ၁ |
| ၁၈ | စွမ်းအင်ဝန်ကြီးဌာန | - | - | - | ၁ | ၁ |
| ၁၉ | စက်မှုဝန်ကြီးဌာန | ၃ | ၃ | ၃ | ၃ | ၁ |
| ၂၀ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန | ၄ | ၄ | ၄ | ၅၈ | ၁ |
| ၂၁ | အလုပ်သမားဝန်ကြီးဌာန | ၁၆ | ၅ | ၇ | - | ၁ |
| ၂၂ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန | ၄ | ၄ | ၄ | ၅ | - |
| ၂၃ | ပညာရေးဝန်ကြီးဌာန | ၁၆ | ၈ | ၈ | ၃ | ၈ |
| ၂၄ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၇ | ၇ | ၉ | ၃ | ၅ |
| ၂၅ | ကျန်းမာရေးဝန်ကြီးဌာန | ၈ | ၇ | ၁၀ | ၄ | ၆ |
| ၂၆ | အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန | - | ၁ | ၁ | ၃ | ၁ |
| ၂၇ | ဆောက်လုပ်ရေးဝန်ကြီးဌာန | - | - | ၁ | ၂ | ၁ |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | သတင်းပို့ တိုင်ကြား နိုင်သည့် တာဝန်ခံ ဦးရေ | ဌာန/ ဌာနခွဲ အရေ အတွက် | E-mail အရေ အတွက် | အကြံပြု စာတိုက် ပုံး အရေ အတွက် | Website တည် ထောင် ထားရှိမှု |
|---|---|---|---|---|---|---|
| ၂၈ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၁ | ၁ | - | ၄ | ၄ |
| ၂၉ | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန | ၅ | ၃ | ၁ | ၁ | - |
| ၃၀ | တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန | ၆ | ၄ | ၆ | ၁ | ၁ |
| ၃၁ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၄ | ၃ | ၃ | ၃ | ၁ |
| ၃၂ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၅ | ၅ | ၅ | ၃ | ၃ |
| ၃၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃ | ၃ | ၃ | ၃ | ၁ |
| ၃၄ | အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် | ၇ | ၁ | ၁ | ၃ | ၁ |
| ၃၅ | မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် | ၁ | ၁ | ၁ | ၁ | ၁ |
| ၃၆ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၂ | ၁ | ၂ | ၁ | ၂ |
| | **စုစုပေါင်း** | **၄၄၄** | **၃၉၉** | **၄၃၅** | **၁၄၅၂** | **၁၃၄** |

ရှင်းလင်းချက်။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန နှစ်ခုတို့မှာ လုပ်ငန်းဆောင်ရွက်မှုများ တူညီကြ၍ အစီရင်ခံစာ တစ်စောင်တည်းသာ တင်ပြသဖြင့် အမှတ်စဉ်တွင် ၃၆ ခု ဖြစ်ပါကြောင်း ရှင်းလင်းဖော်ပြအပ်ပါသည်။

၃၈။ လစဉ်ပေးပို့လာသည့် အစီရင်ခံစာများအရ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းအစီအစဉ်များကို လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် အတွင်း သတင်းပို့တိုင်ကြားနိုင်သည့် တာဝန်ခံဦးရေ ၄၄၄ ဦး၊ သတင်းပို့တိုင်ကြားနိုင်သည့်ဌာန ၃၉၉ ခု၊ e-mail ၄၃၅ ခု၊ အကြံပြု စာတိုက်ပုံးအရေအတွက် ၁၄၅၂ ခု ထားရှိနိုင်သည့်အပြင် Website ၁၃၄ ခုအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့၍ ပြည်သူလူထုအနေဖြင့် သတင်းပို့တိုင်ကြားနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိအောင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအထိ သတင်းပို့တိုင်ကြားနိုင်သည့်စနစ်များ ထားရှိဆောင်ရွက်နိုင်မှု အခြေအနေ နှိုင်းယှဉ်ဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-



၃၉။ ပြည်ထောင်စုဝန်ကြီးဌာန ၄ ခုရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ထံသို့ သတင်းပို့ တိုင်ကြားနိုင်သည့်စနစ်များမှ ရောက်ရှိလာသည့် တိုင်ကြားစာစုစုပေါင်း ၉ စောင် လက်ခံရရှိခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနက နိုင်ငံ့ဝန်ထမ်းဥပဒေဖြင့် အရေးယူခဲ့သည့် တိုင်ကြားစာ ၁ စောင်၊ မှန်ကန်မှုမရှိသဖြင့် အရေးယူခြင်းမရှိသည့် တိုင်ကြားစာ ၅ စောင်နှင့် စိစစ်ဆောင်ရွက်ဆဲ ၃ စောင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄၀။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် ၂၀၂၂ ခုနှစ်၌ ဝန်ထမ်းများအား အသိပညာပေးခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | စီမံခန့်ခွဲမှုအရ ဆောင်ရွက်မှု | အသိပညာပေး ဟောပြောဆွေးနွေးမှု | သင်တန်းပို့ချမှု | လက်ကမ်းစာစောင် ဖြန့်ဝေမှု (စောင်ရေ) | အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမှု |
|---|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | - | - | ၁ | - | - |
| ၂ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | - | - | - | - | - |
| ၃ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | - | - | ၁ | - | - |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | - | ၁၀ | ၂ | - | - |
| ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | - | ၃၇ | - | - | - |
| ၆ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၁ | ၁၅ | ၅ | - | ၃ |
| ၇ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | - | - | - | - | - |
| ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၁၂ | - | ၁ | ၁၁၃ | - |
| ၉ | နယ်စပ်ရေးရာဝန်ကြီးဌာန | - | ၉၃၈ | ၈၄ | ၁၅၇၇ | ၄ |
| ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ၃ | ၁ | ၂ | - | ၁ |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | စီမံခန့်ခွဲမှုအရဆောင်ရွက်မှု | အသိပညာပေးဟောပြောဆွေးနွေးမှု | သင်တန်းပို့ချမှု | လက်ကမ်းစာစောင်ဖြန့်ဝေမှု (စောင်ရေ) | အလုပ်ရုံဆွေးနွေးပွဲကျင်းပမှု |
|---|---|---|---|---|---|---|
| ၁၁ | ဥပဒေရေးရာဝန်ကြီးဌာန | - | - | ၁ | ၇၈ | - |
| ၁၂ | ပြန်ကြားရေးဝန်ကြီးဌာန | - | - | ၁ | - | - |
| ၁၃ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၁ | ၁ | ၂ | - | - |
| ၁၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၈၄ | ၃၁၉ | ၃ | ၁၅၈၄ | ၆ |
| ၁၅ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | - | - | - | - | - |
| ၁၆ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | - | ၄၇၂ | ၃၂ | ၈၆၀ | ၂ |
| ၁၇ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | - | ၅ | - | - | - |
| ၁၈ | စွမ်းအင်ဝန်ကြီးဌာန | - | - | - | - | - |
| ၁၉ | စက်မှုဝန်ကြီးဌာန | - | ၂ | ၁ | ၉၀ | - |
| ၂၀ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | - | - | - | - | - |
| ၂၁ | အလုပ်သမားဝန်ကြီးဌာန | - | - | ၁ | - | - |
| ၂၂ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | - | ၅၁ | ၇ | ၅၃၂ | ၁ |
| ၂၃ | ပညာရေးဝန်ကြီးဌာန | - | ၅ | - | - | - |
| ၂၄ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၃ | - | ၂ | ၁၉ | - |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | စီမံခန့်ခွဲမှုအရဆောင်ရွက်မှု | အသိပညာပေးဟောပြောဆွေးနွေးမှု | သင်တန်းပို့ချမှု | လက်ကမ်းစာစောင်ဖြန့်ဝေမှု (စောင်ရေ) | အလုပ်ရုံဆွေးနွေးပွဲကျင်းပမှု |
|---|---|---|---|---|---|---|
| ၂၅ | ကျန်းမာရေးဝန်ကြီးဌာန | - | - | - | ၃၀၀ | - |
| ၂၆ | အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန | - | ၁ | - | ၄၆၉ | - |
| ၂၇ | ဆောက်လုပ်ရေးဝန်ကြီးဌာန | - | ၁၂ | ၁၁ | ၈၉၅ | - |
| ၂၈ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | - | ၁ | ၂ | - | - |
| ၂၉ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | - | - | ၁ | - | ၁ |
| ၃၀ | တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန | - | - | ၁ | - | - |
| ၃၁ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၆ | ၇ | ၄ | ၉၀၅၄ | ၁ |
| ၃၂ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | - | ၂၆ | ၁ | ၁၅၀ | - |
| ၃၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁ | ၁ | - | - | - |
| ၃၄ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၂၃ | ၃၈ | ၁ | ၁၃၉၆၉ | - |
| ၃၅ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် | - | ၁ | - | - | - |
| ၃၆ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | - | ၂ | - | - | - |
| | စုစုပေါင်း | ၁၃၄ | ၁၉၄၅ | ၁၆၇ | ၂၉၆၉၀ | ၁၉ |

၄၁။ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးမှု ၁၉၄၅ ကြိမ်၊ သင်တန်းပို့ချမှု ၁၆၇ ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပမှု ၁၉ ကြိမ် ပြုလုပ်နိုင်ခဲ့ကာ လက်ကမ်းစာစောင် ၂၉၆၉၀ စောင် ဖြန့်ဝေပေးနိုင်ခဲ့ပြီး ၂၀၁၉ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆောင်ရွက်မှု နှိုင်းယှဉ်ဖော်ပြချက်မှာ အောက်ပါအတိုင်း တွေ့ရှိရသဖြင့် ဌာနများအတွင်းရှိ ဝန်ထမ်းများကို အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများ တိုးမြှင့်ပေးနိုင်ခဲ့ပါသည်-

**၂၀၁၉ ခုနှစ်မှ ၂၀၂၂ခုနှစ်အထိ ဝန်ထမ်းများအား**
**အသိပညာပေးဆောင်ရွက်နိုင်မှုအခြေအနေနှိုင်းယှဉ်ဖော်ပြချက်**




၄၂။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းလမ်းညွှန် ရေးဆွဲနိုင်မှသာ ဌာန၏တည်မြဲလုပ်ထုံးလုပ်နည်းများအား ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သွားနိုင်မည်ဖြစ်သဖြင့် အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍအကြား ဖြောင့်မတ်တည်ကြည်မှု၊ ကိုယ်ကျင့်သိက္ခာနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုတို့အပေါ် အသိပညာပေးခြင်းကို ပိုမိုပျံ့နှံ့အောင် တိုးမြှင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်၊

အထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေနှိုင်းယှဉ်ချက်အား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




## အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme - PFP) ဆောင်ရွက်မှုအခြေအနေ

၄၃။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းအစီအစဉ် ၆ ရပ်ပါ ဆဌမမြောက်အချက်ကို အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် သက်ဆိုင်ရာဌာနများ၏ ကြီးကြပ်မှုအောက်ရှိ ရုံးဌာနခွဲများ၌ ဝန်ဆောင်မှု ရယူခဲ့သော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code “1111” အသုံးပြုပြီး SMS မှတစ်ဆင့် မေးခွန်းများပေးပို့ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှု ရယူကာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ

ဆောင်ရွက်နိုင်စေရေးအတွက် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme - PFP) ကို ဆောင်ရွက်လျက်ရှိပါသည်။

၄၄။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အသုံးပြုခြင်းဖြင့် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ၏ အားနည်းချက်များ ပြုပြင်နိုင်ခြင်း၊ အသေးစား အဂတိလိုက်စားမှုများ လျှော့ချနိုင်ခြင်း၊ အစိုးရနှင့် ပြည်သူများအကြား ယုံကြည်မှု တည်ဆောက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည့်အတွက် CPU များ ဖွဲ့စည်းထားသော်လည်း အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် အသုံးပြုနိုင်ခြင်းမရှိသေးသည့် ဌာနများသို့ အသုံးပြုနိုင်ရေး ညှိနှိုင်းခဲ့ခြင်းနှင့် ဌာနများက ၎င်းတို့၏ သဘောဆန္ဒအလျောက် အသုံးပြုလိုကြောင်း ညှိနှိုင်းခဲ့ခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၃၃ ခုတို့တွင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်ကို အသုံးပြုနိုင်ခဲ့ပါသည်။

၄၅။ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် ဆောင်ရွက်ရာတွင် PFP Web Portal ကို အဆင်ပြေ ချောမွေ့စွာ အသုံးပြုနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | ကျင်းပသည့် ရက်စွဲ | ပါဝင်သည့် ဦးရေ | ဦးဆောင်သည့်ပုဂ္ဂိုလ် | ကျင်းပသည့် ပုံစံ |
|---|---|---|---|---|---|
| ၁ | ပြည်ထောင်စု ဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၃ ခုနှင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် အသုံးပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း | ၂၈-၉-၂၀၂၂ | ၄၂ | ကော်မရှင် ဥက္ကဋ္ဌ | In-Person |
| ၂ | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၅ ခုနှင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် အသုံးပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း | ၂၁-၂-၂၀၂၂ | ၂၃ | ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့် | Online |




**PFP Web Portal အဆင်ပြေစွာ အသုံးပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေး**

၄၆။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် ဆောင်ရွက်ရာတွင် Short Code “1111” အသုံးပြုနိုင်ရေး ကော်မရှင်ရုံးနှင့် ဆက်သွယ်ရေးအော်ပရေတာ ၄ ခုတို့အကြား ချုပ်ဆိုထားသည့် သဘောတူညီချက် (Letter of Intent - LOI) ကို ၁-၁၁-၂၀၂၂ ရက်မှ ၃၁-၁၀-၂၀၂၃ ရက်အထိ တစ်နှစ်သက်တမ်းတိုး လက်မှတ်ရေးထိုးခဲ့ပါသည်။

၄၇။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို ၂၀၂၁ ခုနှစ်တွင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၃ ခုတွင် ဆောင်ရွက်ခဲ့ရာမှ ၂၀၂၂ ခုနှစ်၌ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၃ ခုတို့တွင် CPU Account ၁၀၆ ခု၊ DEO Account ၁၁၀၆ ခုဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိပြီး PFP အသုံးပြုလျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၃ ခု စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | CPU Account | DEO Account |
|---|---|---|---|
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁ | ၆ |
| ၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၁ | ၁ |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၇ | ၇၃ |
| ၄ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၆ | ၈၂ |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | CPU Account | DEO Account |
|---|---|---|---|
| ၅ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၁၁ | ၁၉၀ |
| ၆ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန | ၁ | ၂ |
| ၇ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၁ | ၁ |
| ၈ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၂ | ၂၈ |
| ၉ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန | ၁ | ၂၂ |
| ၁၀ | ပြန်ကြားရေးဝန်ကြီးဌာန | ၃ | ၂၀ |
| ၁၁ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၂ | ၁၁ |
| ၁၂ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၆ | ၅၀ |
| ၁၃ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ၆ | ၂၁ |
| ၁၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | ၁၂ | ၇၉ |
| ၁၅ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ၂ | ၅၇ |
| ၁၆ | စွမ်းအင်ဝန်ကြီးဌာန | ၁ | ၃ |
| ၁၇ | စက်မှုဝန်ကြီးဌာန | ၄ | ၁၉ |
| ၁၈ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ၁ | ၃၀ |
| ၁၉ | အလုပ်သမားဝန်ကြီးဌာန | ၄ | ၉ |
| ၂၀ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၄ | ၅၄ |
| ၂၁ | ပညာရေးဝန်ကြီးဌာန | ၄ | ၈၂ |
| ၂၂ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၆ | ၁၄၅ |
| ၂၃ | ကျန်းမာရေးဝန်ကြီးဌာန | ၆ | ၄၁ |
| ၂၄ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁ | ၇ |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | CPU Account | DEO Account |
|---|---|---|---|
| ၂၅ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၄ | ၅ |
| ၂၆ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၂ | ၂၆ |
| ၂၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၁ | ၁၇ |
| ၂၈ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | ၄ |
| ၂၉ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁ | ၄ |
| ၃၀ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၂ | ၂ |
| ၃၁ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၁ | ၅ |
| ၃၂ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁ | ၁၀ |
| | **စုစုပေါင်း** | **၁၀၆** | **၁၁၀၆** |

၄၈။ ဖွဲ့စည်းထားသော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၃ခုသာ ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် အဖွဲ့အစည်းများအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊ လိုအပ်သည့်နည်းပညာအကူအညီများ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများကိုလည်း မှန်ကန်စွာသုံးသပ်နိုင်ရေးအတွက် လိုအပ်သည့်အကူအညီနှင့် လမ်းညွှန်မှုများပြုပေးသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

၄၉။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်သည် အစိုးရဌာန/အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ပြည်သူလူထု၏ တယ်လီဖုန်းများသို့ SMS ပေးပို့ ဆက်သွယ်ပြီး တုံ့ပြန်မှုရယူခြင်းဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ပျော့ကွက်၊ ဟာကွက်၊ အားနည်းချက်များကို သိရှိနိုင်မည် ဖြစ်သောကြောင့် ဌာနများအနေဖြင့် ယင်းအစီအစဉ်ကို ပိုမိုထိရောက်စွာ ဆောင်ရွက်သင့်ပါသည်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေနေ နှိုင်းယှဉ်ဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-




၅၀။ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ CPU များက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင် စေရေးနှင့် အများပြည်သူထံမှတုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အဆင်ပြေချောမွေ့စွာအသုံးပြု နိုင်စေရေးတို့အတွက် ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၂၆ ခုသို့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်း နှင့် PFP အသုံးပြုနည်း သင်တန်း ၂၉ ကြိမ်ကို In-Person ၊ Hybrid နှင့် Online စနစ် တို့ဖြင့် သွားရောက်ပို့ချပေးခဲ့ရာ သင်တန်းသားစုစုပေါင်း ၉၆၅ ဦး တက်ရောက်ခဲ့ပါသည်။













အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းနှင့် PFP
အသုံးပြုနည်းသင်တန်း

၅၁။ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများအနေဖြင့် ၂၀၂၂ ခုနှစ်တွင် PFP Web Portal အသုံးပြု၍ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | Campaign အရေအတွက် | ပေးပို့ခဲ့သည့် ပြည်သူဦးရေ | ပြန်ကြားလာသည့် ပြည်သူဦးရေ | တုံ့ပြန်မှုရာခိုင်နှုန်း(%) |
|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁၆ | ၁၀၅၈ | ၁၅၂ | ၁၄ |
| ၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | - | - | - | - |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၆၇၂ | ၇၄၁၄၃ | ၁၀၇၄၄ | ၁၄ |
| ၄ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၉၆ | ၅၄၃၅ | ၅၆၆ | ၁၀ |
| ၅ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၇၇၆၉ | ၅၃၆၀၇ | ၂၆၅၉ | ၅ |
| ၆ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | - | - | - | - |
| ၇ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၁၈ | ၃၆ | ၂၅ | ၆၉ |
| ၈ | နယ်စပ်ရေးရာဝန်ကြီးဌာန | - | - | - | - |
| ၉ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | - | - | - | - |
| ၁၀ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | ၁၀ | ၅ | ၅၀ |
| ၁၁ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၃၉ | ၁၃၈၉ | ၇၇ | ၆ |
| ၁၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁၀၇ | ၁၃၆၇ | ၃၁၉ | ၂၃ |
| ၁၃ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ၂၄ | ၄၈၇ | ၅၉ | ၁၂ |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | Campaign အရေအတွက် | ပေးပို့ခဲ့သည့် ပြည်သူဦးရေ | ပြန်ကြားလာသည့် ပြည်သူဦးရေ | တုံ့ပြန်မှုရာခိုင်နှုန်း(%) |
|---|---|---|---|---|---|
| ၁၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁၂၈ | ၄၈၇၁ | ၄၇၃ | ၁၀ |
| ၁၅ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ၂၈ | ၇၆၇ | ၁၅ | ၂ |
| ၁၆ | စွမ်းအင်ဝန်ကြီးဌာန | - | - | - | - |
| ၁၇ | စက်မှုဝန်ကြီးဌာန | - | - | - | - |
| ၁၈ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၇၀၆ | ၂၅၈၉ | ၆၂၅ | ၂၄ |
| ၁၉ | အလုပ်သမားဝန်ကြီးဌာန | ၁၅၄ | ၉၇၃၃ | ၁၂၁၂ | ၁၂ |
| ၂၀ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၆၇ | ၁၀၃၃ | ၁၀၉ | ၁၁ |
| ၂၁ | ပညာရေးဝန်ကြီးဌာန | - | - | - | - |
| ၂၂ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၇၂ | ၇၃၈၀ | ၆၄၇ | ၉ |
| ၂၃ | ကျန်းမာရေးဝန်ကြီးဌာန | ၄၇၄ | ၇၀၇၉ | ၈၃၈ | ၁၂ |
| ၂၄ | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | ၈ | ၁၄၁၇ | ၂၉၁ | ၂၁ |
| ၂၅ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၅၅ | ၁၄၅၄ | ၂၀၅ | ၁၄ |
| ၂၆ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | - | - | - | - |
| ၂၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၅၉ | ၁၁၆၃ | ၁၂၆ | ၁၁ |
| ၂၈ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | - | - | - | - |
| ၂၉ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | - | - | - | - |
| ၃၀ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | - | - | - | - |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း | Campaign အရေအတွက် | ပေးပို့ခဲ့သည့် ပြည်သူဦးရေ | ပြန်ကြားလာသည့် ပြည်သူဦးရေ | တုံ့ပြန်မှုရာခိုင်နှုန်း(%) |
|---|---|---|---|---|---|
| ၃၁ | အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် | ၄၂ | ၅၂၁ | ၂၃၂ | ၄၅ |
| ၃၂ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁၉၂ | ၃၃၉၃ | ၆၆၁ | ၁၉ |
| | စုစုပေါင်း | ၁၁၇၂၇ | ၁၇၈၉၃၂ | ၂၀၀၄၀ | ၁၁ |




၅၂။ အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ် ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ အနေဖြင့် ပြည်သူများ၏ တုံ့ပြန်ဖြေကြားချက်များ၊ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ပြည်သူများထံ ဆက်သွယ်၍ လိုအပ်သည်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

# အခန်း(၄)

# စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

# တိုင်ကြားစာ လက်ခံရရှိမှု

၅၃။ ၂၀၂၂ ခုနှစ်တွင် ကော်မရှင်ရုံးချုပ် (နေပြည်တော်)သို့ တိုင်ကြားစာ ၁၃၃၁ စောင်၊ ကော်မရှင်ရုံးခွဲ (ရန်ကုန်)သို့ တိုင်ကြားစာ ၃၇ စောင်၊ ကော်မရှင်ရုံးခွဲ (မန္တလေး)သို့ တိုင်ကြားစာ ၄၁ စောင်၊ ကော်မရှင်ရုံးခွဲ (တောင်ကြီး)သို့ တိုင်ကြားစာ ၁၂ စောင်၊ ကော်မရှင်ရုံးခွဲ (မော်လမြိုင်)သို့ တိုင်ကြားစာ ၅ စောင် အပါအဝင် တိုင်ကြားစာ စုစုပေါင်း ၁၄၂၆ စောင် လက်ခံရရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်အလိုက် တိုင်ကြားစာများ လက်ခံရရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



၅၄။ ၂၀၂၂ ခုနှစ်တွင် ရောက်ရှိသည့် တိုင်ကြားစာ ၁၄၂၆ စောင်၏ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လက်ခံရရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်အမည် | စောင်ရေ |
|---|---|---|
| ၁ | နေပြည်တော် | ၉၂ |
| ၂ | ကချင်ပြည်နယ် | ၁၅ |
| ၃ | ကယားပြည်နယ် | ၁ |
| ၄ | ကရင်ပြည်နယ် | ၂၈ |
| ၅ | ချင်းပြည်နယ် | - |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၀ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၁၅ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၉၀ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၅၉ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၂၇၅ |
| ၁၁ | မွန်ပြည်နယ် | ၄၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၂၁ |
| ၁၃ | ရခိုင်ပြည်နယ် | ၁၇ |
| ၁၄ | ရှမ်းပြည်နယ် | ၁၅၅ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၉၇ |
| | **စုစုပေါင်း** | **၁၄၂၆** |

ရှင်းလင်းချက်။ ကော်မရှင်သို့ ရောက်ရှိလာသော တိုင်ကြားစာများအပေါ် အကြောင်းအရာ ကိစ္စရပ်အလိုက် ဖြစ်ပွားရာ နေရာ၊ ဒေသအား အခြေခံ၍ စာရင်းပြုစုထားခြင်း ဖြစ်ပါသည်။ ဖြစ်ပွားခဲ့သည့် အမှုကိစ္စများနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးမှ တိုင်ကြားစာ အများဆုံး ရောက်ရှိပြီး ချင်းပြည်နယ်မှ တိုင်ကြားစာ ရောက်ရှိမှု မရှိပါကြောင်း တင်ပြအပ်ပါသည်။

၅၅။ ၂၀၂၂ ခုနှစ်တွင် လက်ခံရရှိသည့် တိုင်ကြားစာများ၏ အခြေအနေအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | တိုင်ကြားစာလက်ခံရရှိမှု | စောင်ရေ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တို့က လွှဲပြောင်းပေးပို့ခြင်း | ၅ |
| ၂ | ကော်မရှင်ထံ လိပ်မူ၍ တိုင်ကြားခြင်း | ၁၁၉၇ |
| ၃ | တိုင်ကြားစာ မိတ္တူပေးပို့ခြင်း | ၁၈၈ |
| ၄ | ပစ်စာ | ၃၆ |
| | **စုစုပေါင်း** | **၁၄၂၆** |

## တိုင်ကြားစာများအပေါ် စီမံဆောင်ရွက်မှု

၅၆။ ၂၀၂၂ ခုနှစ်တွင် လက်ခံရရှိသည့် တိုင်ကြားစာ ၁၄၂၆ စောင်အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေကို ဖော်ပြအပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် | |
|---|---|---|---|
| | | စောင်ရေ | ရာခိုင်နှုန်း |
| ၁ | အရေးယူဆောင်ရွက်ပေးနိုင်သည့် တိုင်ကြားစာ | ၇၈၅ | ၅၅.၀၅ % |
| ၂ | အရေးယူဆောင်ရွက်မပေးနိုင်သည့် တိုင်ကြားစာ (ဥပဒေနှင့်အကျုံးမဝင်စာ၊ မိတ္တူပေးစာ၊ အထောက်အထားမဲ့ ပစ်စာ၊ ရုပ်သိမ်းစာ) | ၆၄၁ | ၄၄.၉၅ % |
| ၃ | စိစစ်ဆောင်ရွက်ဆဲ တိုင်ကြားစာ | - | - |
| | **လက်ခံရရှိသည့် တိုင်ကြားစာပေါင်း** | **၁၄၂၆** | |

၅၇။ အရေးယူ ဆောင်ရွက်ပေးနိုင်သည့် တိုင်ကြားစာ ၇၈၅ စောင်နှင့်ပတ်သက်၍ ကော်မရှင်မှ စုံစမ်းစစ်ဆေးသည့် တိုင်ကြားစာ ၅ စောင်၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ အရေးယူဆောင်ရွက်ရန် လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ ၃၄၀ စောင်နှင့် တိုင်ကြားသူတစ်ဦးချင်းထံသို့ တိုင်ကြားစာပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည်များကို ဖော်ပြအကြံပြုချက်များဖြင့် ပြန်ကြားပေးသည့် တိုင်ကြားစာ ၄၄၀ စောင် ဖြစ်ပါသည်။

## တိုင်ကြားစာများ လွှဲပြောင်းပေးပို့မှု

၅၈။ ၂၀၂၂ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်ခြင်း မရှိသော်လည်း ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့်သာ ဆောင်ရွက်သင့်သည့် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ တိုင်ကြားစာများအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆(ဍ)အရ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးပို့မှုကို ဖော်ပြအပ်ပါသည်-

| စဉ် | ဌာနအမည် | လွှဲပြောင်းစာစုစုပေါင်း |
|---|---|---|
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၂၀ |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန | ၄ |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၄၉ |
| ၄ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၁ |
| ၅ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၂ |
| ၆ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန | ၁ |
| ၇ | ဥပဒေရေးရာဝန်ကြီးဌာန | ၅ |
| ၈ | ပြန်ကြားရေးဝန်ကြီးဌာန | ၂ |
| ၉ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၉ |
| ၁၀ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ၂ |
| ၁၁ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၃ |

| စဉ် | ဌာနအမည် | လွှဲပြောင်းစာစုစုပေါင်း |
|---|---|---|
| ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန | ၄ |
| ၁၃ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ၈ |
| ၁၄ | စက်မှုဝန်ကြီးဌာန | ၁ |
| ၁၅ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၄ |
| ၁၆ | အလုပ်သမားဝန်ကြီးဌာန | ၁ |
| ၁၇ | ပညာရေးဝန်ကြီးဌာန | ၅ |
| ၁၈ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၁ |
| ၁၉ | ကျန်းမာရေးဝန်ကြီးဌာန | ၁ |
| ၂၀ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁ |
| ၂၁ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၃ |
| ၂၂ | နေပြည်တော်ကောင်စီ | ၃ |
| ၂၃ | ကချင်ပြည်နယ်အစိုးရအဖွဲ့ | ၁ |
| ၂၄ | ကရင်ပြည်နယ်အစိုးရအဖွဲ့ | ၆ |
| ၂၅ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂ |
| ၂၆ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၃ |
| ၂၇ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၈ |
| ၂၈ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၃ |
| ၂၉ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၄၀ |
| ၃၀ | မွန်ပြည်နယ်အစိုးရအဖွဲ့ | ၃ |
| ၃၁ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ၃ |
| ၃၂ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၄၄ |
| ၃၃ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ၄၃ |
| ၃၄ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၂ |
| ၃၅ | ရန်ကုန်စည်ပင်သာယာရေးကော်မတီ | ၂ |
| | **စုစုပေါင်း** | **၃၄၀** |

## စုံစမ်းစစ်ဆေးတရားစွဲတင်ပို့မှုနှင့် လွှဲပြောင်းပေးပို့မှု

၅၉။ ၂၀၂၂ ခုနှစ်အတွင်း စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်သည့် တိုင်ကြားစာ ၅ စောင်နှင့် ၂၀၂၁ ခုနှစ်တွင် စုံစမ်းစစ်ဆေးဆဲ ၅ စောင်၊ စုစုပေါင်း တိုင်ကြားစာ ၁၀ စောင်အား စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ပြီး လူပုဂ္ဂိုလ် ၂၁ ဦးအား ရာဇဝတ်ကြီးမှု ၅၅ မှု၊ ရာဇဝတ်အထွေထွေမှု ၂၇ မှုတို့ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ တရားစွဲဆို တင်ပို့ခဲ့ပြီး ဝန်ထမ်း ၂၇ ဦးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၀(ခ)အရ အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

၆၀။ စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့သည့် တိုင်ကြားစာ ၁၀ စောင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆(ဥ)အရ ပြည်ထောင်စုဝန်ကြီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ ၃၄၀ စောင်၊ စုစုပေါင်း ၃၅၀ စောင်နှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ဦးရေ |
|---|---|---|
| ၁ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲတင်ပို့မှု | ၂၁ |
| ၂ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၀(ခ) အရ အရေးယူဆောင်ရွက်မှု | ၂၇ |
| ၃ | တည်ဆဲဥပဒေဖြင့် အရေးယူဆောင်ရွက်ရန် အကြောင်းကြားမှု | - |
| ၄ | အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆(ဥ) အရ လွှဲပြောင်းပေးပို့မှုအပေါ် သက်ဆိုင်ရာဥပဒေများဖြင့် အရေးယူဆောင်ရွက်မှု | ၁၅၂ |
| | **စုစုပေါင်း** | **၂၀၀** |

၆၁။ ၂၀၂၂ ခုနှစ်တွင် စုံစမ်းစစ်ဆေးခဲ့သည့် တိုင်ကြားစာအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆို အရေးယူဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရာထူးအဆင့် | လူဦးရေ |
|---|---|---|
| ၁ | နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ | ၁၂ |
| ၂ | အဆင့်မြင့်အရာရှိ | ၄ |
| ၃ | အရာထမ်း | ၂ |
| ၄ | အမှုထမ်း | - |
| ၅ | ပြည်သူ့ဝန်ထမ်း | - |
| ၆ | အခြားပုဂ္ဂိုလ် | ၃ |
| | စုစုပေါင်း | ၂၁ |

၆၂။ ၂၀၂၂ ခုနှစ်တွင် စုံစမ်းစစ်ဆေးခဲ့သည့် တိုင်ကြားစာအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၀ (ခ)အရ အရေးယူဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရာထူးအဆင့်အလိုက် လွှဲပြောင်းပေးမှု | လူဦးရေ |
|---|---|---|
| ၁ | အဆင့်မြင့်အရာရှိ | ၄ |
| ၂ | အရာထမ်း | ၂၃ |
| ၃ | အမှုထမ်း | - |
| | စုစုပေါင်း | ၂၇ |

၆၃။ ၂၀၂၂ ခုနှစ်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆(ဍ)အရ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာများအပေါ် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အရေးယူဆောင်ရွက်ချက် | ဦးရေ |
|---|---|---|
| ၁ | စာဖြင့်သတိပေးခြင်း | ၇၀ |
| ၂ | နှစ်တိုးလစာ ရပ်ဆိုင်းခြင်း | ၅ |
| ၃ | ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း | ၃ |
| ၄ | လစာနှုန်းအတွင်း လစာလျှော့ချခြင်း | ၁ |
| ၅ | ရာထူးအဆင့် လျှော့ချခြင်း | ၁၃ |
| ၆ | တာဝန်မှ ယာယီရပ်ဆိုင်းခြင်း | ၁၃ |
| ၇ | ရာထူးမှ ထုတ်ပယ်ခြင်း | - |
| ၈ | ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း | ၁ |
| ၉ | ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်း | ၂ |
| ၁၀ | ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူခြင်း | ၄၂ |
| ၁၁ | စစ်စည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူခြင်း | ၂ |
| | **စုစုပေါင်း** | **၁၅၂** |

## တိုင်ကြားသူများနှင့် လက်ခံတွေ့ဆုံဆွေးနွေးမှု

၆၄။ ၂၀၂၂ ခုနှစ်တွင် အဂတိလိုက်စားမှုနှင့် သက်ဆိုင်ခြင်းမရှိသည့် တိုင်ကြားစာများအား သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးပို့ခြင်း၊ ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်ခြင်း မရှိကြောင်းနှင့် မည်သို့ဆောင်ရွက်သင့်ကြောင်းကို တိုင်ကြားသူ တစ်ဦးချင်းထံ ပြန်ကြားခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်ကြားသူ ၂၉ ဦးအား တယ်လီဖုန်းဖြင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး တိုင်ကြားသူ ၁၂ ဦးအား လက်ခံတွေ့ဆုံ ဆွေးနွေးဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါသည်။

# အခန်း(၅)

# ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း

# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း




၆၅။ ကော်မရှင်သည် ဒီဇင်ဘာလ ၉ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ၂၀၁၇ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-I)၊ ကျောက်စိမ်းခန်းမ၌ ၉-၁၂-၂၀၂၂ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။











၆၆။ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်ဥက္ကဋ္ဌများ၊ တပ်မတော်မှအရာရှိကြီးများ၊ ဒုတိယဝန်ကြီးအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများ စုစုပေါင်း ၄၀၀ ဦးသည် In Person ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ် ၁၄ ဦးသည် Online မှ တစ်ဆင့်လည်းကောင်း တက်ရောက်ခဲ့ပါသည်။

၆၇။ အဆိုပါအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးချုပ်က အမှာစကား ပြောကြားခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြခြင်း၊ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Video Clip ပြသခြင်းနှင့် ကော်မရှင်၏သမိုင်းကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ၊ မှတ်တမ်းဓာတ်ပုံများ၊ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာရည်ညွှန်းစာစောင်များ၊လက်ကမ်းစာစောင်များ၊ ဥပဒေနှင့် ကျင့်ဝတ်စာအုပ်များကို ခင်းကျင်းပြသခဲ့ပါသည်။

## ပြည်တွင်း၊ ပြည်ပအစည်းအဝေးများ တက်ရောက်ခြင်း

၆၈။ ၂၀၂၂ ခုနှစ်တွင် ပြည်ပအစည်းအဝေးများသို့ တက်ရောက်ခဲ့မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ပြည်ပအစည်းအဝေးများ တက်ရောက်ခြင်း (In-person)**

(၁) ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption _ ASEAN-PAC)၏ (၁၈)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌဦးသန်းဆွေ ဦးဆောင်၍ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းနှင့် ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်တို့ တက်ရောက်ခဲ့ပြီး Southeast Asia Parties Against Corruption _ SEA-PAC MoU ကို ASEAN Parties Against Corruption _ ASEAN-PAC MoU အဖြစ် ပြင်ဆင်လက်မှတ်ရေးထိုးခြင်းနှင့် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (ACCM)နှင့် ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့(ACU) တို့အကြား နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းတို့ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်တွင် ဆောင်ရွက်ခဲ့ပါသည်။

(၂) ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့၌ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် International Anti-Corruption Academy (IACA) အဖွဲ့ဝင်နိုင်ငံများ၏ (၁၁) ကြိမ်မြောက် ညီလာခံသို့ ကော်မရှင်ကိုယ်စား ဗီယင်နာမြို့ရှိ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးမှ သံအမတ်ကြီး ဦးမင်းသိမ်းနှင့် သံမှူးကြီး ဒေါ်စုစုဝင်းတို့ တက်ရောက်ခဲ့ပါသည်။

(၃) အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့၌ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ညီလာခံ - ၂၀၂၂ သို့ ကော်မရှင်ကိုယ်စား မြန်မာသံရုံးမှ သံရုံးယာယီတာဝန်ခံ/သံအမတ် ဦးသက်ဝင်း ဦးဆောင်သည့် ကိုယ်စားလှယ် ၃ ဦး တက်ရောက်ခဲ့ပါသည်။












**ပြည်ပအစည်းအဝေးများတက်ရောက်မှု (In Person)**

## (ခ) ပြည်ပအစည်းအဝေးများ တက်ရောက်ခြင်း (Virtual Format)

(၁) ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်တွင် International Association of Anti-Corruption Authorities - IAACA မှ ကျင်းပပြုလုပ်ခဲ့သည့် Webinar on Designing and Implementing Effective Whistleblowers Protection Systems သို့ ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဝင်း ဦးဆောင်သော အရာထမ်း ၂ ဦး တက်ရောက်ခဲ့ပါသည်။

(၂)	၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ASEAN Parties Against Corruption _ ASEAN-PAC ၏ (၁၈) ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေးသို့ ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင် ဦးဆောင်သော အရာထမ်း ၃ ဦး တက်ရောက်ခဲ့ပါသည်။

(၃)	၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် Anti-Corruption Seminar for Belt and Road Initiative (BRI) Partners သို့ ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသော်သော်နိုင် ဦးဆောင်သော အရာထမ်း ၄ ဦး တက်ရောက်ခဲ့ပါသည်။

(၄)	International Association of Anti-Corruption Authorities – IAACA၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ၂၀၂၃ ခုနှစ်အတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ချမှတ်ရန်အတွက် ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၂) ကြိမ်မြောက် IAACA General Meeting သို့ ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်း ဦးဆောင်သော အရာထမ်း ၅ ဦး တက်ရောက်ခဲ့ပါသည်။

(၅)	ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့၌ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်မှ ၉ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် Global Consultation on Comprehensive Framework to Measure Corruption အစည်းအဝေးသို့ ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးလှိုင်ဘုန်းမြင့် ဦးဆောင်သော အရာထမ်း ၂ ဦး တက်ရောက်ခဲ့ပါသည်။






**ပြည်ပအစည်းအဝေးများတက်ရောက်မှု (Virtual Format)**

၆၉။ ၂၀၂၂ ခုနှစ်တွင် ပြည်တွင်းအစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ၂၂-၆-၂၀၂၂ ရက်တွင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး (FIU) ၌ ကျင်းပပြုလုပ်ခဲ့သည့် ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons) နှင့်စပ်လျဉ်းသော ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေး ကော်မတီ၏လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတကာရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင် တက်ရောက်ခဲ့ပါသည်။

(ခ) ၃၀-၁၁-၂၀၂၂ ရက်တွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၌ ကျင်းပပြုလုပ်ခဲ့သည့် ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons) နှင့်စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတကာရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင် တက်ရောက်ခဲ့ပါသည်။

(ဂ) မြန်မာနိုင်ငံသည် ငွေကြေးဆိုင်ရာအရေးယူ ဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF)၏ ဆုံးရှုံးနိုင်ခြေအန္တရာယ် အဆင့်မြင့်မားသော နိုင်ငံများစာရင်းသို့ ရောက်ရှိနေခြင်းမှ ပြန်လည်လွတ်မြောက်စေရန်အတွက် ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် အာရှပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့သို့ လေးလတစ်ကြိမ် တင်ပြရသည့် တိုးတက်မှုအစီရင်ခံစာပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများအနက် ဆောင်ရွက်ရန် ကျန်ရှိသည့် အချက်များအား သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးဆောင်ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း ပါဝင်သော (Anti-Money Laundering and Countering the Financing of Terrorism - AML/CFT) လုပ်ငန်းအဖွဲ့၏ အပတ်စဉ် ကျင်းပပြုလုပ်သည့် ပုံမှန်အစည်းအဝေးများသို့ ညွှန်ကြားရေးမှူး ဦးရဲထက် တက်ရောက်ခဲ့ပြီး လိုအပ်သည့် အချက်အလက်များ ပေးပို့၍ ပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိပါသည်။

## ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်း

၇၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ မူလဖွဲ့စည်းပုံကို ကော်မရှင်ရုံးအဖွဲ့ ၁ ဖွဲ့နှင့် ညွှန်ကြားရေးမှူးချုပ် ၁ ဦးစီဖြင့် ဦးစီးဌာန ၃ ခု ပါဝင်သည့် အရာထမ်း ရာထူး ၂၂၅ နေရာ၊ အမှုထမ်းရာထူး ၆၁၃ နေရာ၊ စုစုပေါင်းရာထူး ၈၃၈ နေရာဖြင့် ဖွဲ့စည်း ထားရှိခဲ့ရာ ၂၂-၈-၂၀၂၂ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂)၏ သဘောတူခွင့်ပြုချက်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမြဲတမ်း အတွင်းဝန်ရာထူး ဖွဲ့စည်းထားခြင်းမရှိသည့် ဝန်ကြီးဌာနများအား ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ရန် အကြောင်းကြားလာမှုအပေါ် ကော်မရှင်ရုံး၏ ဖွဲ့စည်းပုံတွင် အမြဲတမ်း အတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် ရာထူး ၁ နေရာတိုးချဲ့၍ အရာထမ်း ရာထူး ၂၂၆ နေရာ၊ အမှုထမ်းရာထူး ၆၁၃ နေရာ၊ စုစုပေါင်းရာထူး ၈၃၉ နေရာဖြင့် ပြင်ဆင်ဖွဲ့စည်း ခွင့်ပြုခဲ့ပါသည်။ အဆိုပါ ခွင့်ပြုချက်အရ ကော်မရှင်ရုံးတွင် အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် ၁ ဦး ခန့်အပ်တာဝန်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

### ဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများ ခန့်ထားခြင်း

၇၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုချက်အရ ၂၀၂၂ ခုနှစ်အတွင်း ကော်မရှင်ရုံး၏ ခွင့်ပြုဖွဲ့စည်းပုံပါ ဌာနများတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းတန်းအလိုက် ရာထူး နေရာ များ၌ ပြည်ထောင်စုဝန်ကြီးဌာနများမှ အရာထမ်း ၆ ဦး၊ အမှုထမ်း ၅ ဦး၊ စုစုပေါင်း ၁၁ ဦး တို့အား ပြောင်းရွှေ့ခန့်ထားနိုင်ခဲ့ပါသည်။

၇၂။ အမှုထမ်း ဝင်ပေါက်ရာထူး ခန့်ထားခြင်းအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုချက်အရ ကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသည့် အမှုထမ်းဝင်ပေါက် ဒုတိယလက်ထောက် ဦးစီးမှူးရာထူး(၅၀)နေရာ၌ ဝန်ထမ်းသစ်များခန့်ထားနိုင်ရေးအတွက် နိုင်ငံပိုင်သတင်းစာ များမှတစ်ဆင့် ကြော်ငြာခေါ်ယူခဲ့ရာ အလုပ်လျှောက်ထားသူများအနက် ပြင်ပဘွဲ့ရ ၅၅ ဦးနှင့် ကော်မရှင်ရုံးတွင် နေ့စား(ရုံးလုပ်ငန်း)အဖြစ် တာဝန်ထမ်းဆောင်နေသည့် နေပြည်တော်ရုံးမှ သုံးဦး၊ ရန်ကုန်ရုံးခွဲမှ နှစ်ဦး၊ မန္တလေးရုံးခွဲမှ တစ်ဦးစသည့် ဘွဲ့ရနေ့စား ဝန်ထမ်း ခြောက်ဦး၊ စုစုပေါင်း ၆၁ ဦးတို့ကို အရည်အချင်းစစ်စာမေးပွဲ(ရေးဖြေ/လူတွေ့)များ

ပြုလုပ်ခဲ့ပြီး အရည်အချင်းစစ်အောင်မြင်သည့် ပြင်ပပုဂ္ဂိုလ် ၄၅ ဦးနှင့် နေ့စားဝန်ထမ်းခြောက်ဦး၊ စုစုပေါင်း (၅၁)ဦးတို့ကို ဒုတိယလက်ထောက်ဦးစီးမှူး ရာထူးနေရာတွင် ထည့်သွင်းခန့်ထားခဲ့ပါသည်။

၇၃။ အမြဲတမ်းဝန်ထမ်းများ ခန့်ထားခြင်းအနေဖြင့် နေ့စားဝန်ထမ်းများအနက်မှ အရည်အချင်း ကိုက်ညီသည့် နေ့စားဝန်ထမ်း ၁၂ ဦးတို့ကို ယာဉ်မောင်း-၅ ရာထူး ၆ နေရာ၊ ရုံးအကူရာထူး ၂ နေရာ၊ အစောင့်ရာထူး ၃ နေရာနှင့် သန့်ရှင်းရေးရာထူး ၁ နေရာ စုစုပေါင်းရာထူး ၁၂ နေရာတို့တွင် အမြဲတမ်းဝန်ထမ်းများအဖြစ် ၇-၆-၂၀၂၂ ရက်မှစ၍ သွတ်သွင်းခန့်ထားခဲ့ပါသည်။

## ဌာနစွမ်းဆောင်ရည် မြှင့်တင်ခြင်း

၇၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးကို ကော်မရှင်ရုံးအဖွဲ့၊ စီမံရေးရာဦးစီးဌာန၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ဖြင့် ဖွဲ့စည်းထားရှိပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရန်နှင့် အများပြည်သူများအနေဖြင့် တိုင်ကြားစာပေးပို့မှုနှင့် အကြံပြုချက်များ အလွယ်တကူ တောင်းခံနိုင်ရန်အတွက် ကော်မရှင်ရုံးခွဲများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖွင့်လှစ်ထားရှိပြီး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၇၅။ စုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ သတင်းတိုင်ကြားစာနှင့်မှတ်တမ်းဌာနခွဲတွင် ကော်မရှင်၏ အမှုကိစ္စများနှင့်ပတ်သက်သည့် အချက်အလက်များအား Desktop Computer ၁ လုံးအား Data Server အဖြစ်အသုံးပြုရာမှ ၁၇-၃-၂၀၂၂ ရက်မှစတင်၍ Dell Power Edge T-140 Tower Type server သို့ပြောင်းလဲခဲ့ပြီး Case Management ဌာနခွဲတွင် Offline Server အဖြစ် အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၇၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာလျက်ရှိသော Website နှင့် Online မှတစ်ဆင့် တိုင်ကြားစာများအား ပေးပို့တိုင်ကြားနိုင်သည့် e-Complaint System တို့၏ အချက်အလက်များအား ထားရှိသော Window Server ၏ Operating System 2008(R2) အစားခေတ်ကာလနှင့်ကိုက်ညီသည့် လုံခြုံရေးစနစ် ပိုမိုကောင်းမွန်သော Operating System 2012 (R2) ဖြင့် Upgrade ပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၇၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးရှိ ဝန်ထမ်းများအတွက် စာအုပ်စာပေအမျိုးမျိုးအား Digital Format ဖြင့် ဖတ်ရှုလေ့လာနိုင်ရေး ရုံးစာကြည့်တိုက်တွင် e-Library စနစ်အား Local Area Network ကို အသုံးပြု၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသော စာအုပ်များ၊ စာစောင်များ၊ မူဝါဒများ၊ မိန့်ခွန်းများ၊ ဆောင်းပါးများ၊ ဥပဒေစာအုပ်များ၊ စာတမ်း/အစီရင်ခံစာများ၊ သုတ/ ရသစာအုပ်များ စုစုပေါင်း ၉၇၀ အုပ်အား ထည့်သွင်းထားရှိပါသည်။

## ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ခြင်း

### ပြည်တွင်းသင်တန်းများ တက်ရောက်ခြင်း

၇၈။ ဝန်ထမ်းများ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်ပြည့်ဝစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဖွင့်လှစ်သော သင်တန်း ၅၃ ခုသို့ အရာထမ်း ၃၃ ဦး၊ အမှုထမ်း ၉၀ ဦး၊ စုစုပေါင်း ၁၂၃ ဦး စေလွှတ်နိုင်ခဲ့ပါသည်။

### ဌာနတွင်းသင်တန်းများ ဖွင့်လှစ်ခြင်း

၇၉။ ကော်မရှင်ရုံးမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအတွက် အောက်ဖော်ပြပါ သင်တန်းများ ဖွင့်လှစ်ခဲ့ပါသည်-

(က) သတင်းမှတ်တမ်းများ စနစ်တကျ ရိုက်ကူးတည်းဖြတ်နိုင်ရေး၊ Online Media များတွင် သတင်းများ စနစ်တကျ ရေးသားတင်ပြနိုင်ရေး၊ အခမ်းအနားများတွင် မှတ်တမ်းတင် ရိုက်ကူးနိုင်ရေး၊ Video Clip များကို ခေတ်နှင့်အညီ ဖန်တီးနိုင်မှု စွမ်းရည်မြင့်မားလာစေရန်အတွက် သတင်းမီဒီယာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ကို ကော်မရှင်ရုံး၊ သင်တန်းခန်းမ၌ ၂၈-၂-၂၀၂၂ ရက်မှ ၂၂-၃-၂၀၂၂ ရက်ထိ ဖွင့်လှစ်ခြင်း။

( ခ )	အမှုထမ်းများ၏ အင်္ဂလိပ်စာအရည်အသွေး မြင့်မားလာစေရေးအတွက် ရည်ရွယ်၍ အင်္ဂလိပ်စာအခြေခံသင်တန်းကို ကော်မရှင်ရုံး သင်တန်းခန်းမ၌ ၂၅-၄-၂၀၂၂ ရက်မှ ၁၆-၆-၂၀၂၂ ရက်အထိ ဖွင့်လှစ်ခြင်း။

( ဂ )	ကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသည့် ဒုတိယလက်ထောက်ဦးစီးမှူး ရာထူးနေရာများ၌ ခန့်အပ်မည့် ဝန်ထမ်းသစ် ၅၁ ဦးတို့အတွက် အခြေခံလေ့ကျင့်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၂)ကို ကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ ၁၆-၅-၂၀၂၂ ရက်မှ ၁၀-၆-၂၀၂၂ ရက်အထိ ဖွင့်လှစ်ခြင်း။

(ဃ)	ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၂) ကို ၂၇-၆-၂၀၂၂ ရက်မှ ၂၈-၇-၂၀၂၂ ရက်အထိ သင်တန်းသား ၂၄ ဦးအား Microsoft Office Excel နှင့် Microsoft Office Word တို့ကို ဖွင့်လှစ်ခဲ့ခြင်း။

( င)	မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် "**မီးဘေးလုံခြုံရေး ဆင့်ပွားသင်တန်း**" အား ကော်မရှင်ရုံး၊ သင်တန်းခန်းမ၌ ၁၉-၉-၂၀၂၂ ရက်မှ ၂၃-၉-၂၀၂၂ ရက်အထိ သင်တန်းသား ၁၆ ဦးဖြင့် ဖွင့်လှစ်ခဲ့ခြင်း။

( စ)	ဦးစီးအရာရှိရာထူး အဆင့်နှင့်အောက် ဝန်ထမ်းများအား စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်အတွက် "**စုံစမ်းစစ်ဆေးရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၂)**"ကို ၂၆-၉-၂၀၂၂ ရက်မှ ၂၁-၁၀-၂၀၂၂ ရက်အထိ ကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ သင်တန်းသား ၃၁ ဦးနှင့် ကော်မရှင်ရုံးခွဲ ၄ ခုတို့မှ Video Conferencing စနစ်ဖြင့် သင်တန်းသား ၈ ဦး၊ စုစုပေါင်း ၃၉ ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ခြင်း။






သင်တန်းဖွင့်ပွဲ မှတ်တမ်းဓာတ်ပုံ





သင်ခန်းစာပို့ချမှု မှတ်တမ်းဓာတ်ပုံ



လက်တွေ့သရုပ်ပြမှု မှတ်တမ်းဓာတ်ပုံ

## ပြည်ပသင်တန်းများ တက်ရောက်ခြင်း

၈၀။ နိုင်ငံတကာမှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာများ၊ အတွေ့အကြုံများ ရရှိစေရန်နှင့် ဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားစေရေးအတွက် ဆွစ်ဇာလန်နိုင်ငံမှ ပေးအပ်သည့် Contemporary Literacy on Anti-Corruption: Building Capacities to Face Global Emergencies (Online Global Conference)သင်တန်းသို့ အရာထမ်း ၁ ဦးနှင့် အမှုထမ်း ၁ ဦးတို့ တက်ရောက်ခဲ့ပါသည်။

## ဘဏ္ဍာရန်ပုံငွေ ခွဲဝေရရှိခြင်းနှင့် သုံးစွဲခြင်း

၈၁။ **ဘဏ္ဍာရန်ပုံငွေ ခွဲဝေရရှိမှု၊ သုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှု။** အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၏ ဘဏ္ဍာငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ရန် ငွေတိုက်ဦးစီးဌာန (နိုင်ငံတော်စာရင်း)တွင် ခွင့်ပြု သုံးစွဲလျက်ရှိပါသည်။ ကော်မရှင်ရုံးအနေဖြင့် ဘဏ္ဍာငွေသုံးစွဲရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၇)၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၊ အခန်း(၁၃) ထောက်ပံ့ငွေပါ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရန်အတွက် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်များ ခွဲခြားပြီး ငွေစာရင်းခေါင်းစဉ်များအလိုက် စနစ်တကျ သုံးစွဲလျက်ရှိပါသည်။

၈၂။ **၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေ ခွဲဝေရရှိမှုနှင့် သုံးစွဲမှုအခြေအနေ။** ကော်မရှင်ရုံး၏ ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ အရအသုံးခန့်မှန်းခြေ အသုံးစရိတ်ငွေကျပ် ၂၉၆၉.၄၉၇ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၁၇၈.၇၉၇ သန်း၊ စုစုပေါင်းငွေကျပ် ၃၁၄၈.၂၉၄ သန်းအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန (နိုင်ငံတော်စာရင်း) တွင် ထည့်သွင်းခွင့်ပြုခဲ့ပြီး ၂၀၂၂ခုနှစ် ၊ဧပြီလမှ ဒီဇင်ဘာလအထိ သာမန်အသုံးစရိတ်ငွေကျပ် ၁၉၃၈.၀၅၃ သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ငွေကျပ် ၆၇.၆၄၄ သန်း၊ စုစုပေါင်းငွေကျပ် ၂၀၀၅.၆၉၇ သန်းအား သုံးစွဲခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ၂၀၂၂ခုနှစ်၊ ဧပြီလမှ ဒီဇင်ဘာလ အထိ မူလခွင့်ပြုငွေ၏ ၆၃.၇၁ % သုံးစွဲခဲ့ပါသည်။

၈၃။ ကော်မရှင်ရုံးအနေဖြင့် ၂၀၂၂ ခုနှစ်တွင် သာမန်အသုံးစရိတ် ကျပ် ၂,၆၀၇.၀၈၃ သန်း နှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၀၄.၇၃၉ သန်း စုစုပေါင်း ကျပ် ၂,၇၁၁.၈၂၂ သန်းကို အောက်ပါအတိုင်း သုံးစွဲခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လ | သာမန် အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ဇန်နဝါရီလ | ၂၀၆.၀၂၀ | ၄.၉၁၈ | ၂၁၀.၉၃၈ |
| ၂ | ဖေဖော်ဝါရီလ | ၁၉၂.၃၆၂ | ၁၄.၇၁၄ | ၂၀၇.၀၇၆ |
| ၃ | မတ်လ | ၂၇၀.၆၄၈ | ၁၇.၄၆၃ | ၂၈၈.၁၁၁ |
| ၄ | ဧပြီလ | ၁၈၇.၃၅၃ | - | ၁၈၇.၃၅၃ |
| ၅ | မေလ | ၂၁၅.၆၂၃ | - | ၂၁၅.၆၂၃ |
| ၆ | ဇွန်လ | ၂၁၈.၂၄၂ | ၆.၄၈၀ | ၂၂၄.၇၂၂ |
| ၇ | ဇူလိုင်လ | ၂၁၀.၃၈၄ | ၉.၁၄၇ | ၂၁၉.၅၃၁ |
| ၈ | ဩဂုတ်လ | ၂၀၁.၈၈၀ | ၂၀.၉၇၂ | ၂၂၂.၈၅၂ |
| ၉ | စက်တင်ဘာလ | ၂၀၈.၁၂၀ | ၈.၈၇၁ | ၂၁၆.၉၉၁ |
| ၁၀ | အောက်တိုဘာလ | ၂၀၇.၃၁၁ | ၉.၅၀၀ | ၂၁၆.၈၁၁ |
| ၁၁ | နိုဝင်ဘာလ | ၂၅၉.၁၈၅ | ၁၂.၆၇၄ | ၂၇၁.၈၅၉ |
| ၁၂ | ဒီဇင်ဘာလ | ၂၂၉.၉၅၅ | - | ၂၂၉.၉၅၅ |
| | **စုစုပေါင်း** | **၂၆၀၇.၀၈၃** | **၁၀၄.၇၃၉** | **၂၇၁၁.၈၂၂** |

၈၄။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ လုပ်ငန်းနှင့် စာရင်းစစ်ဆေးခြင်းများအား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ စစ်ဆေးဆောင်ရွက်ပြီးဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် စာရင်းစစ်ဆေးမှု ခံယူနိုင်ရန်အတွက် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

# အခန်း(၆)

# ၂၀၂၂ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ် ချမှတ်ခြင်း

## ၂၀၂၂ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်း

၈၅။ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို လေးနှစ်တစ်ကြိမ် ရေးဆွဲဆောင်ရွက်လျက်ရှိရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅)ကို ဒုတိယလေးနှစ်တာကာလအဖြစ် သတ်မှတ်ကာ လုပ်ငန်းကဏ္ဍ ၆ ခု၊ လုပ်ငန်းစဉ် ၂၀ ရပ်ဖြင့် ရေးဆွဲခဲ့ပါသည်။

၈၆။ အဆိုပါ မဟာဗျူဟာ စီမံချက်အပေါ် မူတည်၍ ၂၀၂၂ ခုနှစ်၊ လုပ်ငန်းအစီအစဉ်အား လုပ်ငန်းစဉ် ၁၀ ရပ်၊ အကောင်အထည်ဖော် ဆောင်ရွက်ရန်အချက် ၆၄ ချက်ဖြင့် ရေးဆွဲခဲ့ရာ ၂၀၂၂ ခုနှစ်အတွင်း ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာနများမှ အချက် ၅၉ ချက်၊ ၉၂ % အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် ၅ ချက်ရှိပါသည်။

၈၇။ ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသည့် ဆောင်ရွက်ရန်ကျန်အချက် ၅ ချက်မှာ ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေနှင့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ ဖြစ်သောကြောင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မရှိခြင်း ဖြစ်ပါသည်။

## အဂတိလိုက်စားမှုဆိုင်ရာ ညွှန်းကိန်းများ အခြေအနေ

၈၈။ နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International–TI) က သတ်မှတ်သည့် အဂတိလိုက်စားမှု အညွှန်းကိန်း(Corruption Perception Index-CPI)နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအတွက် အဂတိလိုက်စားမှု အညွှန်းကိန်းကို တိုင်းတာရာတွင်

မြန်မာနိုင်ငံနှင့်သက်ဆိုင်သော အရင်းအမြစ် (Data Sources) ခုနစ် ရပ်ဖြစ်သည့် “ကမ္ဘာ့ဘဏ်၏ နိုင်ငံ့မူဝါဒနှင့် အင်စတီကျူးရှင်းဆိုင်ရာ အကဲဖြတ်မှု၊ နိုင်ငံအန္တရာယ် ကျရောက်နိုင်ချေ ကမ္ဘာလုံးဆိုင်ရာရှုမြင်ချက် အဆင့်သတ်မှတ်ချက်များ၊ ဘာတဲမန်း ဖောင်ဒေးရှင်း၏ အသွင်ကူးပြောင်းမှု အညွှန်းကိန်း၊ ကမ္ဘာ့တရားမျှတမှုဆိုင်ရာ စီမံကိန်းနှင့် တရားဥပဒေစိုးမိုးရေး အညွှန်းကိန်း၊ နိုင်ငံရေးဆိုင်ရာအန္တရာယ် ကျရောက်နိုင်ချေရှိမှု လမ်းညွှန်၊ ဒီမိုကရေစီစီမံကိန်းဆိုင်ရာအမျိုးအစားများ၊ စီးပွားရေးပညာရှင်များ၏ စူးစမ်းလေ့လာရေးအဖွဲ့က နိုင်ငံအပေါ် အဆင့်သတ်မှတ်ချက်များ”တို့ကို အခြေခံ၍ အမှတ်ပေးတွက်ချက်ထားမှုအရ မြန်မာနိုင်ငံ၏ နှစ်အလိုက် ပျမ်းမျှရမှတ်နှင့် အညွှန်းကိန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| ခုနှစ် | ရမှတ် | အဆင့် | နိုင်ငံပေါင်း |
|---|---|---|---|
| ၂၀၁၂ | ၁၅ | ၁၇၂ | ၁၇၆ |
| ၂၀၁၃ | ၂၁ | ၁၅၇ | ၁၇၇ |
| ၂၀၁၄ | ၂၁ | ၁၅၆ | ၁၇၅ |
| ၂၀၁၅ | ၂၂ | ၁၄၇ | ၁၆၈ |
| ၂၀၁၆ | ၂၈ | ၁၃၆ | ၁၇၆ |
| ၂၀၁၇ | ၃၀ | ၁၃၀ | ၁၈၀ |
| ၂၀၁၈ | ၂၉ | ၁၃၂ | ၁၈၀ |
| ၂၀၁၉ | ၂၉ | ၁၃၀ | ၁၈၀ |
| ၂၀၂၀ | ၂၈ | ၁၃၇ | ၁၈၀ |
| ၂၀၂၁ | ၂၈ | ၁၄၀ | ၁၈၀ |
| ၂၀၂၂ | ၂၃ | ၁၅၇ | ၁၈၀ |

# ၂၀၂၃ ခုနှစ် လုပ်ငန်းအစီအစဉ်

၈၉။ ကော်မရှင်သည် ၂၀၂၃ ခုနှစ်တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ အသိပညာပေးရေး၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို အောက်ဖော်ပြပါ လုပ်ငန်းအစီအစဉ်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး**

(၁) တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမျိုးသားအဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာ ရေးဆွဲနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(၂) တည်ဆဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်အား ဆောင်ရွက်ရန်၊

(၃) အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေအသစ် ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရန်၊

(၄) အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးနှင့်စပ်လျဉ်း၍ ဤကော်မရှင်အနေဖြင့် ယင်းဥပဒေအပေါ် စီမံခန့်ခွဲနိုင်ခြင်း ရှိ မရှိ ပြန်လည်သုံးသပ်ရန်၊

(ခ) **တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး**

(၁) အဂတိလိုက်စားမှုနှင့် ဆက်နွယ်နေသော မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု စသည့် နိုင်ငံဖြတ်ကျော် မှုခင်းများနှင့် တရားမဝင် စီးပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း တိုက်ဖျက်ရန်၊

(၂) ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ တားဆီးကာကွယ်ရေး ပညာပေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်-

(က) ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များတွင် ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို သုံးသပ်၍ လိုအပ်သည့်သင်တန်း၊ နည်းပညာနှင့် အကြံဉာဏ်များပေးရန်၊

(ခ) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်(PFP)ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ် လေ့လာခြင်း (Corruption Risk Assessment-CRA) နှင့် စပ်လျဉ်း၍ နည်းပညာအကူအညီပေးရေး ဆောင်ရွက်ရန်၊

(ဂ) **တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး**

(၁) ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် တည်ဆဲ တင်ဒါ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာဆောင်ရွက်ရေး အသိပညာပေးရန်၊

(၂) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေး အစီအစဉ်များ ဆောင်ရွက်ရန်-

(ကက) အခြေခံပညာကျောင်းများတွင် အသိပညာပေး သင်ခန်းစာများ သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ရန်၊

( ခခ ) အခြေခံပညာ သင်ရိုးညွှန်းတမ်းများတွင် အသိပညာပေး သင်ခန်းစာများ ထည့်သွင်းရေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

( ဂဂ ) အဂတိလိုက်စားမှုဖြစ်ပွားနှုန်းများသည့် အစိုးရဌာန/အဖွဲ့အစည်းများနှင့် ဒေသများအား ဦးစားပေး အသိပညာပေးနိုင်ရေးစီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(ဃဃ) အရပ်ဖက်အဖွဲ့အစည်းများ၊ အများပြည်သူဆိုင်ရာ လုပ်ငန်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဟောပြောပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများစီစဉ်ဆောင်ရွက်ရန်၊

( ငင ) ကျင့်ဝတ်ဆိုင်ရာ Online သင်တန်း ဖွင့်လှစ် ပို့ချနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်း ရေးဆွဲရာတွင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီများ ရယူဆောင်ရွက်ရန်၊

( စစ ) အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆိုင်ရာ လှုပ်ရှားမှုများ စီစဉ်ကျင်းပရန်၊

(ဃ) **စုံစမ်းစစ်ဆေးခြင်းနှင့်တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေမည့် အခြေခံကောင်းများ တည်ဆောက်ရေး**

(၁) စုံစမ်းစစ်ဆေးရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲနိုင်ရေး ဆောင်ရွက်ရန်၊

(၂) စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံး လုပ်နည်းများ ရေးဆွဲနိုင်ရေး ဆောင်ရွက်ရန်၊

(၃) အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က တရားစွဲတင်ပို့ခဲ့ပြီး ပြီးပြတ်သည့် အမှုများနှင့်စပ်လျဉ်း၍ တရားရုံးအတွေ့အကြုံ ရှင်းလင်းပွဲများ ဆောင်ရွက်ရန်၊

(င ) **ဌာနစွမ်းဆောင်ရည် မြှင့်တင်ရေး**

(၁) ရောဝတီတိုင်းဒေသကြီး၌ ကော်မရှင်ရုံးခွဲဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက်ရန်၊

(၂) ဦးစီးဌာနအလိုက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး အလေးထား ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဖော်ထုတ်ဆောင်ရွက်ရန်၊

(စ ) **ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး**

(၁) ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနအလိုက် ဆန်းစစ်မှု ပြုလုပ်ရန်၊

(၂) ဆန်းစစ်မှုပေါ် အခြေခံ၍ လေ့ကျင့်သင်ကြားပေးနိုင်ရေး ဆောင်ရွက်ရန်၊

(၃) ကော်မရှင်ရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ မြင့်မားလာစေရန် အတွက် ဌာနခွဲအလိုက် အနည်းဆုံး နှစ်ပတ်လျှင်တစ်ကြိမ် လုပ်ငန်း ဆောင်ရွက်ချက်ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်ရန်၊

(ဆ) **နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး**

(၁ ) ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင် အထည်ဖော်ဆောင်မှု သုံးသပ်ရေး လုပ်ငန်းစဉ် ဒုတိယစက်ဝန်းအတွက် အနှစ်ချုပ် အစီရင်ခံစာ (Executive Summary) ပါ အကြံပြုချက်များနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးရန်၊

(၂ ) ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင် အထည်ဖော်ဆောင်မှု သုံးသပ်ရေး လုပ်ငန်းစဉ် ဒုတိယစက်ဝန်းအတွက် အနှစ်ချုပ် အစီရင်ခံစာ (Executive Summary)ပါ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်၊

(၃) ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု သုံးသပ်ရေး လုပ်ငန်းစဉ်နှင့် ဆက်စပ်သည့် အစည်းအဝေးများသို့ ပါဝင်တက်ရောက်ရန်၊

(၄) UNCAC Review (2nd Cycle)၏ မြန်မာနိုင်ငံဆိုင်ရာ သုံးသပ်မှု အစီရင်ခံစာ (Country Report) ရရှိနိုင်ရေး ဆောင်ရွက်ရန်နှင့် ရရှိပါက အစီရင်ခံစာပါ အချက်အလက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) (၁၉)ကြိမ်မြောက် ASEAN-PAC အကြီးအမှူးများ အစည်းအဝေးနှင့် (၁၉)ကြိမ်မြောက် ရုံးအဖွဲ့ အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင် ရန်နှင့် အစည်းအဝေး တက်ရောက်ရန်၊

(၆) ASEAN-PAC အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင် ရေးအတွက် ရေးထိုးပြီးသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ(MoU)များ သက်တမ်း တိုးမြှင့်ရန်နှင့် ကျန်ရှိသည့် နိုင်ငံများနှင့် လက်မှတ် ရေးထိုးနိုင်ရေး ဆက်လက်ဆောင်ရွက်ရန်၊

(၇) အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် နားလည်မှု စာချွန်လွှာ (MoU)များ လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ရန်၊

(၈) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ပေးအပ်မည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် နည်းပညာအကူအညီများ ရယူနိုင်ရေး ဆောင်ရွက်ရန်၊

(၉) မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်း၊ ငွေကြေးခဝါ ချခြင်း၊ နယ်စပ်ဒေသတွင် ဖြစ်ပွားနေသော လူမှုရေး၊ စီးပွားရေး၊ လက်နက်ကိုင် ပဋိပက္ခ စသည့်နယ်ပယ်များနှင့် ဆက်စပ်လျက်ရှိသော အဂတိလိုက်စားမှုများကို အထူးပြု လေ့လာသုံးသပ်မည့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ရန်နှင့် လေ့လာသုံးသပ်မှုအား တင်ပြရန်၊

(၁၀) အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ သတင်းရယူမှု၊ စုံစမ်းစစ်ဆေးမှု၊ တရားစွဲဆိုမှု လုပ်ငန်းများတွင် လုပ်ငန်းဆက်စပ်မှုရှိသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၁၁) စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေရန်နှင့် ကောင်းမွန်သော အလေ့အထများကို ဖလှယ်ရန်အတွက် ကွန်ရက်များ တည်ထောင်ရန်၊

(ဇ) **အမြဲမပြတ် စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်ရေး**

(၁) အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (PFP)ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်အား အလေးထား ဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းရေးရာကိစ္စရပ်များ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာနအလိုက် အရာထမ်း၊ အမှုထမ်းများပါဝင်သည့်အဖွဲ့ဖြင့် ပြန်လည် သုံးသပ်နိုင်ရေး ဆောင်ရွက်ရန်၊

(၃) မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှု သဘောထားအမြင် ညွှန်းကိန်း (Corruption Perception Index-CPI) ရမှတ် တိုးတက်လာစေရေးနှင့် စပ်လျဉ်း၍ အကဲဖြတ် အမှတ်ပေးမှုများ၊ အသေးစိတ် သတ်မှတ်ထားသည့် စံနှုန်းများအား လေ့လာတင်ပြရန်၊

(ဈ) **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၄ ခုနှစ် လုပ်ငန်းအစီအစဉ် ချမှတ်ရေး**

(ည) **ကော်မရှင်၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကို ပြည်သူသို့ အစီရင်ခံတင်ပြရေး**

# နိဂုံး

ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ရည်ရွယ်ချက် ၆ ချက်ကို ရည်မှန်းချက် တာဝန်အဖြစ်ခံယူလျက် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေး စနစ် ဖြစ်ထွန်းလာစေရေးတို့အတွက် နှစ်စဉ်လုပ်ငန်းအစီအစဉ်များ ချမှတ်ကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

အဂတိလိုက်စားမှုများသည် အသွင်အမျိုးမျိုးဆောင်၍ ဖြစ်ပေါ်နေသောကြောင့် ဥပဒေကြောင်း အရသာမက ကောင်းမွန်သော ကိုယ်ကျင့်တရားထွန်းကားရေး နည်းလမ်းများ အရပါ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အသိပညာများတိုးပွားလာစေရန်၊ အဂတိလိုက်စားမှုကိုတွန်းလှန်တိုက်ဖျက်လို စိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်ပေါ်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုး ရှာခြင်းတို့အကြား မှန်ကန်စွာ ခွဲခြားနိုင်စေရန်တို့အတွက် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ဆိုင်ရာ အသိပညာပေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကော်မရှင်သည် နိုင်ငံတော်နှင့်အများပြည်သူတို့၏ အကျိုးစီးပွားကို ကောင်းမြတ်သည့် စိတ်စေတနာ၊ ဖြောင့်မတ်တည်ကြည်သော ကိုယ်ကျင့်တရားတို့ဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် ၂၀၂၂ ခုနှစ်အတွင်း ရရှိခဲ့သော အတွေ့အကြုံများအပေါ် အခြေခံ၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူနှင့်အတူ လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

ဒေါက်တာငွေးအောင်

ဥက္ကဋ္ဌ

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက်




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ရုံးအမှတ် (၅၆)၊ ဇေယျဋ္ဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

ဖုန်း၊ ၀၆၇-၈၁၀၃၃၄၇,  Website : www.accm.gov.mm

Facebook : ACC Myanmar,  Email : accm@accm.gov.mm